မောင်းမကျေးရွာ

ခရမ်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၅ - ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မောင်းမကျေးရွာ၊ခရမ်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


**မာတိကာ** ၁

**စကားချီး** ၄

**မောင်းမကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ခရမ်းမြို့နယ်** ၆

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၇

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၉

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား ၉

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ** ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၆

**(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၁၆

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၇
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်
( ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
( ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၃

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

**(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၆
(က) ကြီးကြပ်စစ်ဆေးခြင်း
( ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
( ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၂၉
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဉစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများ နှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာ နှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှု အတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှု နှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၈

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၆၆

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၄

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၅

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၅

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသားများပူးပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်သည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာ အချက်အလက်၊အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံချက် လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဒီဇင်ဘာလ၊ ၂၀၁၅

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မောင်းမကျေးရွာ

ခရမ်းမြို့နယ်

## မောင်းမကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ခရမ်းမြို့နယ်




**ရည်ညွှန်း** -မောင်းမကျေးရွာ၊ ခရမ်းမြို့နယ်တွင်ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အစီအစဉ်တွင် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှရယူသည်။ (၂၀၁၅ခုနှစ်ဩဂုတ်လ၊ ၁၄ရက်)

# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

## ၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

## (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအထောက်အပံ့ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင် ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ကြပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်း ဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့်ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

မောင်းမကျေးရွာအုပ်စုသည် မြန်မာနိုင်ငံအောက်ပိုင်း ရန်ကုန်တိုင်း၊ တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၊ ခရမ်းမြို့၏အနောက်ဘက်(၁၁)မိုင်အကွာ၊ ရန်ကုန်-ခရမ်းကားလမ်းမအနီး အနောက်ဘက်(၁)မိုင်အကွာတွင် တည်ရှိသည်။ ကျေးရွာသည်မြေပြန့်၊ မြေနိမ့်ဒေသပိုင်းဖြစ်၍ ပတ်ဝန်းကျင်တွင်မိုးစပါးစိုက်ပျိုးသော လယ်ယာမြေများစွာရှိသည်။ သဲနုန်းမြေရပ်ဝန်းဒေသဖြစ်၍မြေဆီလွှာကောင်းမွန်သောမြေအမျိုးအစားဖြစ်သည်။ ရွှေလှေရေထိန်းတံခါး ဆောက်လုပ်ထားသောကြောင့် ကျေးရွာလယ်မြေအားလုံးသည် ဆားငံရေတိုးဝင်မှုမှကင်းလွတ်သည်။ နှစ်စဉ်မိုးရေချိန် (၇၀) မှ (၈၀) လက်မကြားရသောဒေသဖြစ်၍ မြန်မာနိုင်ငံအောက်ပိုင်း ပူအိုက်စွတ်စိုသောရပ်ဝန်းဒေသ ဖြစ်သာည်။

### (ခ) သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ အုန်း၊ ကွမ်းသီးပင်၊ ကုက္ကို၊ ဗန္ဒါနှင့် ဝါးပင်စသော သစ်ပင်များ ပေါက်ရောက်သည်။ မိုးစပါးသီးနှံစိုက်ပျိုးနိုင်သော လယ်(၂,၉၀၀)ဧကရှိပြီး သီးထပ်အဖြစ် ဆောင်းသီးနှံပဲတီစိမ်း(၂,၅၀၀)ဧကနှင့် နွေစပါးစိုက်ပျိုးသည်။

## ၃။ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်လက်များ

ကျေးရွာတွင် မိသားစုဝင်ပေါင်း(၇၂၉)စုရှိပြီး၊စုစုပေါင်းလူဦးရေ (ကျား-၁,၅၀၆) (မ - ၁၅၀၇) ပေါင်း(၃,၀၁၃)ဦး မှီတင်းနေထိုင်ကြသည်။ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် (၃)ဦး ပိုများနေပြီး အဆိုပါလူဦးရေတွင် အလုပ်လုပ်နိုင်သူအသက် (၁၅) နှစ်မှ (၆၀) နှစ်အတွင်း လူဦးရေ (၁,၈၀၀)ဦးရှိသည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၅၅%သည် ဆင်းရဲနှင့် အလွန်ဆင်းရဲသောအိမ်ထောင်စုအဆင့်များဖြစ်ကြပြီး ၁၆%သည် ချမ်းသာသည့်အဆင့်၊ ၂၉% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ၏စီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟုပြောနိုင်သည်။ ချမ်းသာသော လယ်သမားအိမ်ထောင်စုများအပြင် အခြား လယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ပန်းရံ၊ ဆန်ကြိတ်စက်၊ ပန်းဘဲသံဂဟေစသော အသေးစားအိမ်တွင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။ ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်း

အချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လယ်သမားများ၊ လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက်မြင့်မားပြီး (၅၀%)ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၆)စုရှိပြီး အဓိကဝင်ငွေရလုပ်ငန်းမှာ ကျပန်းနေ့စားလုပ်ငန်းနှင့် ဝက်မွေးမြူရေး တွဲဖက်လုပ်ကိုင်ခြင်းဖြစ်သည်။ကျေးရွာမှ စောင့်ရှောက်ပေးထားသောသက်ကြီးရွယ်အို(၂)ဦးရှိပါသည်။ ကျေးရွာတွင် လယ်ယာမဲ့ဆင်းရဲသား အိမ်ထောင်စုများသည် လယ်ယာလုပ်ငန်းခွင်တွင် ကျပန်းလုပ်ငန်းကိုသာ အများစုလုပ်ကိုင်ကြပြီး မိုးဆက်တိုက်ရွာသောနေ့များတွင် အလုပ်အကိုင်မရှိသောကြောင့် ဝမ်းစာဝယ်စားရန် အခက်အခဲနှင့်ကြုံတွေ့ရသည်။ ကျေးရွာမှ အိမ်ထောင်စု(၇၂၉)၏ ၃၈%ဖြစ်သော ဆင်းရဲနှင့် အလွန်ဆင်းရဲ (၂၇၄) အိမ်ထောင်စုသည် တနှစ်တွင် အများဆုံး(၃)လနှင့် ၎င်းအောက်သာ ဝမ်းစာဖူလုံသည်။ ကျန်အချိန်များတွင် တနေ့လုပ်တနေ့စားအဖြစ် ရပ်တည်ရသည်။ ကျေးရွာအိမ်ထောင်စု၏ ၄၆%ဖြစ်သော (၃၃၉)အိမ်ထောင်စုသည် လယ်မြေအနည်းငယ်ပိုင်ဆိုင်ပြီး စပါး၊ ပဲတီစိမ်းသီးနှံထွက်ရှိမှုကြောင့် လေ့လာဆန်းစစ်မှုအရ ဝမ်းစာ(၃)လ မှ(၅)လကြားဝမ်းစာဖူလုံကြသည်။ ယင်းတို့အနက်ကျန် ၁၆% (၁၁၆) အိမ်ထောင်စု သည်လည်း စပါး၊ ပဲတီစိမ်းသီးနှံထွက်ရှိမှုကြောင့် တနှစ်စာဝမ်းစာဖူလုံပြီး သူတပါးထံမှ မချေးမငှါး ပဲစားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။ ကျေးရွာလူငယ်များသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် သွားရောက်လုပ်ကိုင်ကြပြီး အလုပ်အကိုင်ပင်ပန်းဆင်းရဲမှုကြောင့် စိတ်အပန်းဖြေမှုအဖြစ် အရက်သောက်သုံးမှုရှိကြသည်။

### (ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာသူ/သားများသည် အများအားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး ကူးစက်ရောဂါဖြစ်ပွားမှုမရှိသလောက် နည်းပါသည်။ နှစ်စဉ်မိုးရာသီတွင် ကလေးသူငယ်များ သွေးလွန်တုပ်ကွေးဖြစ်ပွားတတ်ပြီး လူငယ်၊ လူကြီးများတွင် မိုးရာသီတုပ်ကွေးရောဂါ ကူးစက်ခံရလေ့ရှိသည်။ ဆန်စပါးစိုက်ပျိုးထွက်ရှိခြင်း၊ အလုပ်အကိုင်အထိုက်အလျောက်အဆင်ပြေခြင်း၊ မိသားစုများနေ့စဉ်ဝင်ငွေအသင့်အတင့်ရှိသောကြောင့် ကလေးသူငယ်များ အပါအဝင် ကျေးရွာအိမ်ထောင်စုဝင်များသည် ယေဘုယျအားဖြင့် အာဟာရဓာတ်ချို့တဲ့မှုမရှိကြပါ။ ကျေးရွာမူလတန်းကျောင်းမှလည်း ကလေးသူငယ်များ အာဟာရဓာတ်ကျွေးမွေးရေးအစီအစဉ်များဆောင်ရွက်လေ့ရှိသည်။

### (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး တက္ကသိုလ်ဘွဲ့ရဦးရေ(၁၀၆)ဦးရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်း၊ အလယ်တန်း၊

အထက်တန်းကျောင်းခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုသင်တန်းများ လက်လှမ်းမမီသောကြောင့် လူငယ်များမှာ အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများနည်းပါးဆဲဖြစ်သည်။ ကျေးရွာသားအများစုသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် နေ့စားလုပ်သားများဖြစ်ကြသည်။

**(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု**

ကျေးရွာတွင် ကျားမတတန်းတူ အခွင့်အရေးရှိကြပြီးကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည်အိမ်တွင်းမှု လုပ်ငန်းများဖြစ်သောထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်းစသောကိစ္စများ ဆောင်ရွက်သည်။ အမျိုးသမီးများသည်ကောက်စိုက်ခြင်း၊ အမျိုးသားများသည်ပျိုးနုတ်ခြင်း စသည်ဖြင့် လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်ခပိုမိုရရှိကြသည်။ ဘာသာရေး အထိမ်းအမှတ်ယဉ်ကျေးမှုပွဲတော်များတွင် အမျိုးသားနှင့်အမျိုးသမီးများသည် ပူးပေါင်းဆောင်ရွက်ကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျားမတန်းတူအခွင့်အရေးရှိပါသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

**(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေသော အဖွဲ့(၁၂)ဖွဲ့ရှိသည်။ မိဘဆရာအသင်း၊ မီးလင်းရေးကော်မတီ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ နာရေးကူညီမှုအသင်း၊ လူငယ်အဖွဲ့၊ ကျေးရွာအထောက်ကူပြုအဖွဲ့၊ မြေယာစီမံခန့်ခွဲရေးကော်မတီနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီတို့ ဖြစ်သည်။ ကျေးရွာမိဘဆရာအသင်းသည် ကျောင်းဆရာများနှင့်ပူးပေါင်း၍ ပညာရည်ချွန်ဆုပေးပွဲများကျင်းပခြင်း၊ ကျေးရွာလျှပ်စစ် မီးလင်းရေးကော်မတီသည် မြို့နယ်လျှပ်စစ်ဌာနနှင့်ပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး မီးလင်းရေး ဆောင်ရွက်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာမြေယာစီမံခန့်ခွဲရေးကော်မတီသည် ကျေးရွာပိုင်မြေပေါ်တွင် ဆင်းရဲသားများအတွက် ယာယီနေထိုင်ရန် မြေနေရာချထားခွင့်ပြုပေးခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ် ချုပ်မှုစနစ်သည် ကောင်းမွန်သည့်အနေအထားတွင်ရှိပါသည်။

**(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာ၏ အဓိကသီးနှံသည် မိုးစပါးနှင့်ဆောင်သီးနှံပဲတီစိမ်းစိုက်ပျိုးခြင်း ဖြစ်သည်။ မိုးစပါးစိုက်ပျိုးမြေ(၂,၉၀၀)ဧကဖြစ်၍ စိုက်ပျိုးသောစပါးမျိုးမှာ ဘုရင်မ၊ ဖျော့ထွန်း၊ ကရင်မ စသောမျိုးများဖြစ်သည်။ စပါးစိုက်ပျိုးရာတွင် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးလေ့ရှိပြီး ရေကျနောက်စိုက်

လယ်ဧက အနည်းငယ်ကိုသာ ကောက်စိုက်စနစ်ဖြင့် စိုက်ပျိုးကြသည်။ စပါးကိုဇွန်လတွင် စတင်စိုက်ပျိုးလေ့ရှိပြီး အောက်တိုဘာလတွင် ရိတ်သိမ်းကြသည်။ စပါးအထွက်နှုန်းမှာ ပျမ်းမျှတစ်ဧက (၇၀)တင်း ဖြစ်သည်။ မိုးစပါးရိတ်သိမ်းပြီးနောက်မြေတွင်း ကြွင်းကျန်အစိုဓာတ်ဖြင့် ပဲတီစိမ်း (၂,၅၀၀)ဧကစိုက်ပျိုးသည်။ ပဲတီစိမ်းအထွက်နှုန်းမှာ ပျမ်းမျှတစ်ဧက(၁၂)တင်းဖြစ်သည်။ နှစ်စဉ်ကျေးရွာမှ ပဲတီစိမ်း တင်းရေ(၂၀,၀၀၀)ခန့်ထွက်ရှိသည်။ ကျေးရွာမှအိမ်ထောင်စုအချို့သည် တစ်နိုင်တစ်ပိုင်ဝက်၊ ဆိတ်၊ ကြက်၊ ဘဲမွေးမြူကြသည်။ ကျေးရွာသည် ရန်ကုန်ခရမ်းဈေးကွက်သို့ လက်လှမ်းမီသောကြောင့် အသားစားကြက်မွေးမြူခြင်း၊ ငါးမွေးမြူခြင်း စသည်ဖြင့် လုပ်ကိုင်ဆောင်ရွက်ကြသည်။ ငါးစီးပွားဖြစ် မွေးမြူသူ(၃)ဦးရှိပြီးအချို့ ငါးမွေးမြူသူများသည် ငါးကန်သေးငယ်သောကြောင့် ငါးပျိုးထောင် ရောင်းချခြင်း (ငါးသားပေါက်များကို၃-လက်မခန့်ထိ ကြီးအောင် မွေးမြူခြင်း) ကိုဆောင်ရွက်သည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာမှ လယ်ယာမဲ့အိမ်ထောင်စုများသည် မိသားစုဝင်ငွေရရှိရေးအတွက် စက်ချုပ်ခြင်း၊ ဆိုင်ကယ်ကယ်ရီပို့ဆောင်ခြင်း၊ ကားမောင်းခြင်း၊ ပန်းဘဲလုပ်ငန်းနှင့် လျှပ်စစ်သံဂဟေ၊ မိတ်ကပ်အလှပြုပြင်ခြင်း၊ ကလေးငယ်များအတွက် မူကြိုကျောင်းဖွင့်လှစ်ဝန်ဆောင်မှုပေးခြင်း စသောလုပ်ငန်းများလုပ်ကိုင်ကြသည်။ အလှူမင်္ဂလာဆောင်ပွဲများအတွက် ဖိတ်စာများဝန်ဆောင်မှုပေးခြင်း၊ ယပ်တောင်လုပ်ငန်း စသည်တို့ကိုလည်း လုပ်ကိုင်ကြသည်။ လူငယ်အများစုသည် ရန်ကုန်မြို့၊ ခရမ်းမြို့ စသောမြို့ကြီးများတွင် ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ နေ့စားလုပ်သားများအဖြစ်ဝင်ရောက်လုပ်ကိုင်ကြပြီး၊ အမျိုးသမီးငယ်များသည် ရန်ကုန်အထည်ချုပ်စက်ရုံများတွင် အလုပ်လုပ်ကိုင်ကြသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

သဘာဝအလျောက် ပေါက်ရောက်သောသစ်ပင်များသည် ထင်းလောင်စာထုတ်ယူခြင်းကြောင့် သစ်တောပြုန်းတီးမှုနှင့် ရင်ဆိုင်နေရသည်။ သစ်တောဌာနမှ မိုးရာသီလမ်းဘေး သစ်ပင်စိုက်ပျိုးရေး ဆောင်ရွက်လေ့ရှိသော်လည်း နွားဆိတ်များလွတ်ကျောင်းမှုကြောင့် စိုက်ပျိုးပင်များပျက်စီးခြင်း ကြုံတွေ့ရသည်။ စပါးစိုက်ပျိုးလယ်မြေများကိုလည်း နှစ်စဉ်ဆက်တိုက် ဓာတ်မြေဩဇာများ အသုံးပြုခြင်း၊ ကောက်ရိုးဖုတ်၊ နွားချေးနှင့် သစ်ရွက်ဆွေးစသော သဘာဝမြေဩဇာများမထည့်သွင်းနိုင်ခြင်းကြောင့် စိုက်ပျိုးမြေဆီလွှာများ ကျဆင်းလာကြောင်း တွေ့ရသည်။ ပဲတီစိမ်းစိုက်ပျိုးရာတွင် ပိုးသတ်ဆေး၊မှိုသတ်ဆေးများ နှစ်စဉ်ဆက်တိုက်အသုံးပြုခြင်း၊ ဆေးဖြန်းရာတွင် မျက်မှန်၊ နှာခေါင်းစီး၊ ဘွတ်ဘိနပ်များ ဝတ်ဆင်အသုံးပြုခြင်း မရှိသောကြောင့် အသက်ရှုလမ်းကြောင်းနှင့် အရေပြားရောဂါများ ရင်ဆိုင်ရနိုင်သည်။ ပိုးသတ်ဆေးဗူးခွံများကို စနစ်တကျစွန့်ပစ်ခြင်း အလေ့အကျင့်မရှိသောကြောင့် မြစ်ချောင်းအင်းအိုင်များမှ ငါးများအတွက်အန္တရာယ်ရှိခြင်း၊ ဘက်ထရီ ရှော့တိုက်ငါးဖမ်းခြင်းကြောင့် ငါးမျိုးစိတ်များအတွက် အန္တရာယ်နှင့်ရင်ဆိုင်နေရသည်။ မိုးရာသီ လေမုန်တိုင်းရေဒီယို သတိပေးချက်များကိုနားထောင်ခြင်း၊ နွေရာသီ

မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ပူးပေါင်းဆောင်ရွက်လေ့ ရှိပါသည်။

### (စ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ခရမ်းမြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဝန်ဆောင်မှုရရှိပြီး တောင်သူလယ်သမားများအား စပါးသီးနှံတစ်ဧကလျှင်ချေးငွေ(၁၀၀,၀၀၀)ကျပ်နှုန်း၊ ဆောင်းသီးနှံပဲတီစိမ်း တစ်ဧက (၂၀,၀၀၀)ကျပ်နှုန်း ချေးငွေထုတ်ပေးသည်။ ချေးငွေကာလမှာ(၆)လခန့်ဖြစ်၍ အတိုးနှုန်းမှာ တနှစ်လျှင်(၄.၂)%ဖြစ်သည်။ ကျေးရွာသမဝါယမအသင်းဖွဲ့စည်းထားပြီး မြို့နယ်သမဝါယမဌာနသည် အဖွဲ့ဝင်များကို ချေးငွေထုတ်ပေးပြီးလစဉ်အတိုးနှုန်းမှာ (၁.၁၅%) ဖြစ်သည်။ ထို့ပြင်ခရမ်းမြို့ မြန်မာ့စီးပွားရေးဘဏ်တွင်ငွေစုဆောင်းခြင်း၊ ငွေလွှဲခြင်းများဆောင်ရွက်နိုင်ကြသည်။ ကျေးရွာတွင်း မြေယာမဲ့အိမ်ထောင်စုများအတွက် အတိုးနှုန်းသက်သာသော ချေးငွေဝန်ဆောင်မှုလုံးဝမရရှိဘဲ ကျေးရွာမှ အသင့်အတင့်ချမ်းသာသော အိမ်ထောင်စုများထံမှ မြင့်မားသောအတိုးနှုန်းဖြင့် ချေးယူရသည်။

### (ဆ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းမှ အထက်တန်းကျောင်းထိကျောင်းပညာသင်ကြားနိုင်ပြီး မူလတန်းကျောင်းသားဦးရေစုစုပေါင်း(၃၆၁)ဦး၊ အလယ်တန်းကျောင်းသားဦးရေစုစုပေါင်း(၅၂၈) ဦး၊ အထက်တန်းကျောင်းသားဦးရေ (၁၇၃)ဦး၊ စုစုပေါင်းကျောင်းသားဦးရေ (၁၀၆၂)ဦး ပညာသင်ကြားနေသည်။ ကျေးရွာကျောင်းတွင် ကျောင်းဆောင်စုစုပေါင်း(၃)ဆောင် ရှိပါသည်။ ကျောင်းဆောင်တစ်ဆောင်များ ပျက်စီးယိုယွင်းနေပြီး ပြုပြင်ရန် လိုအပ်နေပါသည်။ တပည့် ဆရာအချိုး မှာ(၂၄)ဦး ဖြစ်ပါသည်။ ကျေးရွာတွင်တက္ကသိုလ်ဘွဲ့ရသူဦးရေ စုစုပေါင်း (၁၀၆)ဦး ရှိပါသည်။ ကျေးရွာပညာရေး တိုးတက်ရေးအတွက် ကျေးရွာမိဘဆရာအသင်းရှိပြီး ကျောင်းအသုံးအဆောင် ပရိဘောဂများ ဖြည့်တင်းပေးခြင်း၊ ကျောင်းဆရာများနေအိမ်များ ဆောက်လုပ်ပေးခြင်းစသော ကိစ္စများကို ကျေးရွာမိဘဆရာအသင်းမှ ဆောင်ရွက်ပေးသည်။ ကျောင်းသားဦးရေများပြားခြင်းကြောင့် ကျောင်းသားများအတွက် သောက်သုံးရေလုံလောက်စွာရရှိရန် သောက်ရေသန့် ရေစစ်အိုးများလိုအပ်နေပါသည်။

ဆေးရုံဆေးပေးခန်းများနှင့် လက်လှမ်းမီခြင်းရှိကြပါသည်။ ရွာတွင်းကျေးလက်ဆေးပေးခန်းမှကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်နိုင်သကဲ့သို့ ကလေးငယ်များအတွက်လည်း ကာကွယ်ဆေးတိုက်ကျွေးသော အစီအစဉ်များလက်လှမ်းမီခြင်းရှိပါသည်။ ကျေးရွာနှင့်(၁၁)မိုင်သာကွာဝေးသော ခရမ်းမြို့နယ် ဆေးရုံတွင်လဲဆေးကုသမှုခံယူနိုင်ပါသည်။ ကျေးရွာတွင်ကျေးလက်ကျန်းမာရေး ဆေးပေးခန်းရှိပါသည်။ ခရမ်းမြို့သည် လျှပ်စစ်မီးရရှိသော မြို့ဖြစ်သည့်အလျောက် လိုအပ်သောဆေးများအတွက် အအေးခန်းဖြင့် သိုလှောင်ရန် ရေခဲသေတ္တာသုံးပြီး သိုလှောင်ထားနိုင်သည်။ သောက်ရေအတွက် အချို့အိမ်ထောင်စုများသည် ရေမော်တာသုံး ရေတုံကင်များ တပ်ဆင်၍ရေကန်မှ ရေသွယ်ယူသုံးစွဲကြပြီး လုံလောက်မှုရှိသည်။ သန့်ရှင်းရေး အပိုင်းမှာ ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော

အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ် သုံးစွဲကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှု နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာများမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက်အသုံးပြုရန်လွယ်ကူအဆင်ပြေပါသည်။

ကျေးရွာသည် သောက်သုံးရေအတွက် မြေသားရေကန်များကိုသာ အမှီပြုနေရပါသည်။ ကျေးရွာတွင် သောက်သုံးရေကန်(၉)ကန်ရှိပြီးနှစ်စဉ်မိုးရွာသွန်းမှုကောင်းမွန်သောကြောင့် နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုကြုံတွေ့ရခြင်းမရှိပါ။ အိမ်တိုင်းစေ့မြေအောက်ရေတွင်းများမရှိခြင်း၊ နေအိမ်များတစ်နိုင်မွေးမြူရေး တွဲဖက်ဆောင်ရွက်ခြင်း၊ ရေသုံးစွဲမှုအကန့် အသတ်ရှိခြင်းကြောင့် တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ကျန်းမာရေးအဆင့်အတန်း အသင့်အတင့်သာရှိပါသည်။ ကျေးရွာတွင် ယင်လုံအိမ်သာမဆောက်မနေရစနစ် ကျင့်သုံးဆောင်ရွက်ထားပြီး အိမ်ထောင်စုအားလုံး သုံးစွဲနိုင်လျက်ရှိသည်။ ကျေးရွာမှအချို့အိမ်ထောင်စုများသည် ပလပ်စတစ်အမှိုက်များ စနစ်တကျအညစ်အကြေး စွန့်ပစ်မှုမရှိသေးပါ ။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိပါ။လူငယ်များသည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ နှစ်စဉ်တပေါင်းလတွင် ကျင်းပသော ကျေးရွာဘုရားပွဲသည် ဒေသတွင်အစည်ကားဆုံးပွဲတစ်ပွဲဖြစ်ပါသည်။

## (ဈ) အခြေခံအဆောက်အဦ - လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး လက်လှမ်းမီမှု၊

ကျေးရွာသည် မဟာဓာတ်အားလိုင်းနှင့် (၂)မိုင်ခန့်သာဝေးသဖြင့် ကိုယ်အားကိုယ်ကိုး စရိတ်ဖြင့် (၂၀၁၃)ခုနှစ်တွင်လျှပ်စစ်မီးသွယ်တန်းခြင်း ဆောင်ရွက်နိုင်ခဲ့ပြီး အိမ်ထောင်စု(၃၀၀)ခန့်သည် လျှပ်စစ်မီးသုံးစွဲနိုင်သည်။ ကျေးရွာအိမ်ခြေ(၇၀၀)ကျော်ရှိပြီး လျှပ်စစ်ထရန်စဖော်မာအိုးသည် (၃၁၅)ကေဗွီအေ ဖြစ်သောကြောင့် ဓာတ်အားမနိုင်နင်း၍(၂၅၉)အိမ်အတွက်သာ မီးအားလုံလောက်မှုရှိပြီး အိမ်ထောင်စု (၂၀၀)ခန့်သည်လျှပ်စစ်မီးမရရှိသေးပါ ။ ယခုအချိန်တွင် ကျေးရွာအိမ်ထောင်စုအားလုံးလျှပ်စစ်မီးသုံးစွဲနိုင်ရန်အတွက် ကျေးရွာထည့်ဝင်ငွေနှင့် အစိုးရထောက်ပံ့ငွေနှစ်ရပ်ပေါင်းဖြင့် ထရန်စဖော်မာတိုးချဲ့ တပ်ဆင်ခြင်း၊ လျှပ်စစ်မီးလိုင်း တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် အစီအစဉ်ရေးဆွဲပြီးဖြစ်ပါသည်။ ရန်ကုန်-ခရမ်းကားလမ်းမနှင့်ဆက်သွယ်သော ချဉ်းကပ်လမ်းသည် ကွန်ကရစ်လမ်းဖြစ်သောကြောင့် ကောင်းမွန်သည်။ ကျေးရွာတွင်း ကွန်ကရစ်လမ်း အရှည်(၅,၀၀၀) ပေခန့် ဆောက်လုပ်ထားပြီး ချောင်းကူးရေကျော်တံတားများ ဆောက်လုပ်ထားသောကြောင့် သွားလာဆက်သွယ်ရေးကောင်းမွန်ပါသည်။ ဆက်သွယ်ရေး ကွန်ယက်များနှင့်လက်လှမ်းမီခြင်းရှိပြီး ကျေးရွာသားအများစုသည် လက်ကိုင်ဖုန်းများသုံးစွဲနိုင်ကြပြီး သတင်းအချက်အလက်များ ရရှိကြပါသည်။

### (ည) ရပ်ရွာအေးချမ်းသာယာရေး နှင့် လုံခြုံရေး

မောင်းမကျေးရွာအုပ်စုအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကျေးရွာအုပ်ချုပ်ရေးမှူး တစ်ဦးခန့်ထားပေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးရုံး ဖွင့်လှစ်ကာ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးတွင် စီမံအုပ်ချုပ်ရေး လုပ်ငန်းများဆောင်ရွက်သည်။ အုပ်စုခရမ်းမြို့မရဲစခန်းမှလုံခြုံရေး ဝန်ဆောင်မှုများရရှိပြီး ကျေးရွာတွင်ကြီးမားသောရာဇဝတ်မှုများ မရှိပါ။ နေ့စဉ် ကမာမတ်ရဲစခန်းမှ နယ်ထိန်းရဲများလုံခြုံရေးကင်းလှည့် ဆောင်ရွက်သောဝန်ဆောင်မှုများ ရရှိပါသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာသည် မြန်မာနိုင်ငံအောက်ပိုင်း မြေပြန့်မြေနိမ့်မြင့်ဒေသဖြစ်၍ မိုးစပါးနှင့်သီးထပ် ဆောင်းသီးနှံပဲတီစိမ်း စိုက်ပျိုးနိုင်သည်။ ရွှေလှေရေထိန်းတံခါးနှင့်နီးသောကြောင့် ဆည်ရေရှိပြီး နွေစပါး ဇကေအနည်းငယ်စိုက်ပျိုးနိုင်သည်။ လျှပ်စစ်မီးသုံးစွဲနိုင်သောကြောင့် အသေးစား စက်မှု လုပ်ငန်းများဖြစ်သော ဆန်စက်၊ သံဂဟေ၊ ဆိုင်ကယ်ပြုပြင်ခြင်း စသောလုပ်ငန်းများ ဆောင်ရွက် နိုင်သည်။ ဆန်ကွဲ၊ ဖွဲနုပေါများသောကြောင့် အသားစားကြက်မွေးမြူခြင်း၊ ဝက်မွေးမြူခြင်း လုပ်ကိုင် နိုင်သည်။ မိုးကောင်းဒေသဖြစ်ခြင်း၊ ငါးကန်များရှိခြင်း၊ ရန်ကုန်ခရမ်းမြို့ ငါးဈေးကွက် လက်လှမ်း မီခြင်း၊ ငါးသားပေါက်များရရှိနိုင်ခြင်းကြောင့် ငါးမွေးမြူရေးစသောလုပ်ငန်းများ ဆောင်ရွက်နိုင် သည်။ ကျေးရွာပတ်ဝန်းကျင်တွင် မြေလွတ်မြေများရှိခြင်း လေဝင်လေထွက်ကောင်းမွန်ခြင်းကြောင့် အသားစားကြက်များမွေးမြူရန် အလားအလာကောင်းများလည်းရှိပါသည်။ ရန်ကုန်မြို့ဈေးကွက်နှင့် လက်လှမ်းမီခြင်းကြောင့် မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်သောဝန်ဆောင်မှုအချို့လည်း ရရှိနိုင် ပါသည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

အသားစားကြက်မွေးမြူရေး၊ ငါးမွေးမြူရေးစသောလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် သင့်တင့်သောအတိုးနှုန်းဖြင့် ချေးငွေဝန်ဆောင်မှုများ လက်လှမ်းမီရန်လိုအပ်ပါသည်။ ထို့ပြင်နွေစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆည်ရေလုံလောက်စွာရရှိရန်အတွက် မြောင်းဖောက်လုပ်ခြင်း၊ နွေစပါး စိုက်ပျိုးရေးအတွက် ဆည်ရေအသုံးပြုရာတွင် ရေငန်တိုးဝင်မှုတားဆီးနိုင်ရန် ရွှေလှေ ရေထိန်း တံခါးပြုပြင်ခြင်း စသောကိစ္စများကို ဆည်မြောင်းဦးစီးဌာန ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ကျေးရွာလူဦးရေတိုးတက်လာခြင်းကြောင့် မြေကွက်သစ်များ ဖော်ထုတ်ရန်လိုအပ်နေပြီး မြို့နယ် အာဏာပိုင်များကိုတင်ပြ၍ ကျေးရွာပိုင်မြေလွတ်(၇)ဧကပေါ်တွင် မြေကွက်သစ်(၁၅၀)ခန့် ဖော်ထုတ် ရန်လိုအပ်နေပါသည်။ ခရမ်းနှင့်မောင်းမဆက်သွယ်သော လမ်းမပေါ်ရှိ ကုလားမတံတားသည်

ကျဉ်းမြောင်း၍ ရေထွက်ပေါက်သေးငယ်သောကြောင့် မိုးရာသီမိုးဆက်တိုက်ရွာသွန်းပါက ကျေးရွာ စပါးခင်းများ ရေလွှမ်းခံရပြီး စပါးခင်းများပျက်စီးနိုင်ပါ သည်။

## ၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

### ရည်မှန်းချက်ပန်းတိုင်

၁။ ကျေးရွာအိမ်ထောင်စုအားလုံးအတွက် လျှပ်စစ်မီးလင်းရေးကိစ္စ ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသားတို့၏လူနေမှုအဆင့်အတန်းယခုထက်ပို၍ မြင့်မားလာစေရမည်။

၂။ အသားစားကြက်နှင့် ငါးမွေးမြူရေးလုပ်ငန်း တိုးချဲ့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသားတို့၏ဝင်ငွေ တိုးတက်မြင့်မားလာစေရမည်။

၃။ ကျေးရွာပိုင်မြေ(၁၀)ဧကပေါ်တွင် မြေကွက်သစ်(၁၅၀)ခန့်ဖော်ထုတ်၍ အိမ်ယာမဲ့ဆင်းရဲသားများ နေထိုင်ရန်မြေကွက်များရရှိစေမည်။ အသက်မွေးဝမ်းကျောင်းမှုသင်တန်း ဝန်ဆောင်မှုများပေးနိုင်သောအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ပြီး ကျွမ်းကျင်မှုသင်တန်းများ ရရှိစေခြင်းဖြင့် ကျေးရွာမှ မြေယာမဲ့ဆင်းရဲသားများအတွက် ဝင်ငွေတိုးတက်လာစေမည်။

၄။ ကျန်းမာရေးပညာပေးအစီအစဉ်များ ဆောင်ရွက်ခြင်းဖြင့် ကလေးငယ်များတွင် မိုးရာသီ သွေးလွန်တုပ်ကွေး ကူးစက်မှုနှုန်းလျော့နည်းကျဆင်းလာ၍ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာစေရမည်။

### ဆောင်ရွက်မည့်နည်းဗျူဟာ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်း၍ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကူညီပံ့ပိုးမှုကို ရယူပြီးလျှင် မြို့နယ်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ တင်ပြ၍ အိမ်ထောင်စုအားလုံး လျှပ်စစ်မီးလင်းရေးအတွက် ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ရေးနှင့် မီးလိုင်းတိုးချဲ့ တပ်ဆင်ရေး ဆောင်ရွက်မည်။ ငွေကြေး၊ နည်းပညာဝန်ဆောင်မှုပေးသော အဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ချေးငွေရရှိအောင် ဆောင်ရွက်ပြီး အသားစားကြက်၊ ဆိတ်၊ ငါးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်မည်။ ကျေးရွာကျန်းမာရေးကော်မတီဖွဲ့စည်းပြီး မြို့နယ်ကျန်းမာရေးဌာနသို့တင်ပြ၍ ကျန်းမာရေးပညာပေးအစီအစဉ်များ ရရှိအောင်ဆောင်ရွက်ခြင်း၊ နှစ်စဉ်သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရမှု လျော့နည်းကျဆင်းအောင် ဆောင်ရွက်မည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဇဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြု

ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာ အဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်း များကိုရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေး စီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

## ၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

## (က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေသုံးစွဲရေးအစီအစဉ်

ကျေးရွာလူထုကငါးနှစ်တာစီမခံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးရွေးချယ်ခဲ့ကြသည့် လုပ်ငန်းစီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေး ဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဆက်လက်ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာပါဝင်လာနိုင်ပါမည်။

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် နှစ်အလိုက် ဘတ်ဂျတ်နှင့် ငွေကြေးရရှိနိုင်ရာများ အပါအဝင်စီမံကိန်း၊ စီမံချက်များကို အချိန်နှင့်တပြေးညီ ဖြည့်စွက်ရေးသွင်းနိုင်ရန် လမ်းဖွင့်ပေးထားသည်။ ကျေးရွာ၏ဦးစားပေးလုပ်ငန်းများသည် သင့်တော်သော အရေးယူ ဆောင်ရွက်မှုလိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ပေါ်ပေါက်လာမှု၊ အတွေးအမြင်နှင့် မဟာဗျူဟာအသစ်များ ပေါ်ထွက်လာမှု၊ သဘာဝဘေးအန္တရာယ်၊ ဒေသတွင်းပဋိပက္ခ ကဲ့သို့သော အခြားအကြောင်းအရာများ ဖြစ်ပွါးမှုတို့ပေါ်မူတည်ပြီး ပြောင်းလဲမှုရှိနိုင်သည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပါတ်လည်ကျေးရွာ ဖွံ့ဖြိုးရေးအစီအစဉ်ကိုဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်း ရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်း အုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီး ဌာနများ၊ ဦးစီးဌာနများ အတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီး မြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက် ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ အရင်းအနှီး၊ စွမ်းရည်မြှင့်တင်ရေး၊ အရင်းအနှီးနှင့် စွမ်းရည်မြှင့်တင်ရေး နှစ်ရပ်လုံး၊ လူသားချင်း ဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

***လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း*** *(Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်အခြားများကို သိရှိစေနိုင်သည်။

***ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း*** *(Economic classification)* တွင်

- ငွေကြေးရင်းနှီးမြှုပ်နှံမှု
- စွမ်းရည်မြှင့်တင်ရေး
- အထွေထွေရင်းနှီးမြှုပ်နှံမှု (ငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့်စွမ်းရည်မြှင့်တင်ရေး ပေါင်းစပ်လျက်)
- အရေးပေါ် အထောက်အပံ့တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား အုပ်စု (၄) စုထဲမှ (၁၁) ဦးက ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ -

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **ကျေးရွာအဆောက်အအုံ** | လျှပ်စစ်ထရန်စဖော်မာထပ်မံတိုးချဲ့တပ်ဆင်ခြင်း | ၉၃ | ၁ | ကျေးရွာအိမ်ထောင်စုအားလုံးအတွက်ကျေးရွာမီးလင်းရေးကော်မတီနှင့် မြို့နယ်လျှပ်စစ်ဌာနတို့ ပူပေါင်းဆောင်ရွက်မည်။ | **ကျေးလက်ဦးစီး** |
| **ဘဏ်စနစ်နှင့်ငွေရေးကြေးရေးလုပ်ငန်းများ** | ငွေကြေးဝန်ဆောင်မှုလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၈၈ | ၂ | စိုက်ပျိုးစရိတ်၊တိရိစ္ဆာန်မွေးမြူရေးနှင့်အခြားဝင်ငွေရလုပ်ငန်းများတိုးတက်ရေးအတွက် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာစွမ်းရည်များမြှင့်တင်ခြင်း၊ ကျေးရွာအဖွဲ့အစည်းများကိုယ်တိုင်စီမံခန့်ခွဲသော ငွေစုငွေချေးစနစ်တည်ထောင်ခြင်း၊ ငွေကြေးဝန်ဆောင်မှုပေးသောအဖွဲ့အစည်းများ ဖွံ့ဖြိုးအောင်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါမည်။ | |
| **ပညာရေး** | ကျေးရွာပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၇၅ | ၃ | ကျေးရွာမိဘဆရာအသင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီပူးပေါင်း၍ မြို့နယ်ပညာရေးဌာနသို့တင်ပြ၍ ဆောင်ရွက်မည်။<br>၁။ကျောင်းစာသင်ဆောင်တိုးချဲ့ဆောက်လုပ်ခြင်း<br>၂။စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း<br>၃။ကျောင်းသောက်သုံးရေသန့်စက်တတ်ဆင်ခြင်း<br>၄။ကျောင်းသုံးပရိဘောဂဖြည့်ဆည်းပေးခြင်း | |
| **ကျေးရွာအဆောက်အအုံ** | ကျေးရွာဆင်းရဲသားအိမ်ယာမဲ့များအတွက်မြေကွက်သစ်(၁၅၀)ဖော်ထုတ်ရေးစီမံကိန်း | ၇၂ | ၄ | ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ဆွေးနွေးပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်မြို့နယ်ထွေ/ဦးစီးဌာနသို့တင်ပြ၍ ကျေးရွာမြေလွတ်(၁၀)ဧကပေါ်တွင် မြေကွက်သစ်များဖော်ထုတ်မည်ဖြစ်သည်။ | |
| | ရေကြီးရေလျှံကာကွယ်ရန်တံတားဆောက်လုပ်ရေးစီမံကိန်း | ၆၈ | ၅ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ကျေးလက်ဦးစီးဌာနသို့တင်ပြ၍ကျေးရွာမှ လယ်ကွင်းများရေလျှံခြင်းမှကာကွယ်ရန်တံတား ချဲ့ထွင်ရေးဆောင်ရွက်မည်။ | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | | | | • ရေကြီးရေလျှံကာကွယ်ရန် မောင်းမ၊ ဖားဥဆက်သွယ်သော ကုလားမတံတားချဲ့ထွင်တည်ဆောက်ခြင်း၊ | |
| **ကျန်းမာ ရေး** | ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီမှုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်း | ၆၇ | ၆ | ကျေးရွာပညာရေးကော်မတီဖွဲ့စည်းပြီးမြို့နယ်ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်မည်။ ကျေးရွာကျန်းမာရေးဆေးပေးခန်းကိုကုတင်(၂၀)ဆန့်ဆေးရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်ရန်ဖြစ်သည်။ | |
| **မွေးမြူရေး** | တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်အောင်ဆောင်ရွက်ခြင်း | ၅၄ | ၇ | စီပီဝက်မျိုးကောင်းများမွေးမြူနိုင်ရေးအတွက်နည်းပညာပေးဝန်ဆောင်မှုများလက်လှမ်းမီရေးဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်မြို့နယ်မွေးကုဦးစီးဌာနသို့တင်ပြဆောင်ရွက်ပြီး ကုသရေးကာကွယ်ရေး နည်းပညာ ရရှိအောင်ဆောင်ရွက်မည်။ | |
| **စိုက်ပျိုးရေး** | ရွှေလေ့ရေထိမ်းတံခါးပြုပြင်ခြင်းနှင့် ရေပေးမြောင်းဖောက်လုပ်ခြင် | ၄၈ | ၈ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်နွေစပါးစိုက်ပျိုးသောလယ်သမား များစုပေါင်း၍ဆည်မြောင်းဦးစီးဌာနသို့တင်ပြခြင်းဖြင့် ရေထိန်းတံခါးပြုပြင်နိုင်ရန်ဆောင်ရွက်မည်။တောင်သူလယ်သမားအဖွဲ့ဖွဲ့စည်းပြီးနွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက်ဆည်မြောင်းဦးစီးဌာနသို့တင်ပြ၍ရွှေလေ့ရေထိန်းတံခါးမှဆည်ရေ ရရှိရေးနှင့်ရေပေးမြောင်းဖောက်လုပ်ဆောင်ရွက်မည်။ | |
| **ယဉ်ကျေးမှု၊ လူငယ်နှင့် အားကစား** | လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ | ၄၆ | ၉ | ကျေးရွာမှစိတ်ဝင်စားသောလူငယ်များနှင့် ရပ်မိရပ်ဖများ ပူးပေါင်းပြီး နွေရာသီယဉ်ကျေးမှုသင်တန်းဖွင့်လှစ်ရန် ဆောင်ရွက်မည်။ စာကြည့်တိုက်ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းပြီး မြို့နယ်ပြန်/ဆက်ဌာနနှင့်ဆက်သွယ်ပြီးစာအုပ်များစုဆောင်းပြီး စာကြည့်တိုက်ဖွင့်လှစ်ရေးဆောင်ရွက်မည်။ | |
| **စိုက်ပျိုးရေး** | သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေး အတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | ၃၇ | ၁၀ | စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍သီးနှံရောဂါကာကွယ်နှိမ်နင်းနည်း၊မျိုးကောင်းမျိုးသန့်များရရှိရေးစသည့် နည်းပညာဝန်ဆောင်မှုများရရှိရန် ဆောင်ရွက်မည့်အစီအစဉ်ဖြစ်သည်။ ကျေးရွာတွင် လယ်သမားအစုအဖွဲ့ ဖွဲ့စည်းပြီး စက်မှုလယ်ယာဦးစီးဌာနနှင့်ဆက်သွယ်၍ ဘဏ်များနှင့်ချိတ်ဆက်ပြီး ရိတ်သိမ်းစက်ငှားဝယ်စံနစ်ဖြင့် ရရှိအောင်ဆောင်ရွက်ရမည် ဖြစ်သည် | |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အကြောင်းအရာ ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***စီမံအုပ်ချုပ်မှု*** | ကျေးရွာအဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးအစီအစဉ် | ၃၄ | ၁၀ | လက်ရှိအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုနှင့်ခေါင်းဆောင်မှုစွမ်းဆောင်ရည်များကို တည်ဆောက်မည်၊ အသက်မွေးဝမ်းကျောင်းအဖွဲ့၊ စီးပွားရေးအဖွဲ့များဖွဲ့စည်းနိုင်ရေးကူညီဆောင်ရွက်မည်။ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် မြို့နယ်နှင့်ပြင်ပအထောက်အပံ့များရရှိအောင်ဆောင်ရွက်မည်။ | **ကျေးလက်ဦးစီး** |

**(ဃ) စီမံချက် အချိန်ဇယား**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက်လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပါတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| **စီမံကိန်း** | **ဦးစားပေး အဆင့်** | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ |
|---|---|---|---|---|---|---|
| ၁။လျှပ်စစ်ထရန်စဖော်မာထပ်မံတိုးချဲ့တပ်ဆင်ခြင်း | ၁ | —— | | | | |
| ၂။ငွေကြေးဝန်ဆောင်မှုလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | ၂ | —— | —— | | | |
| ၃။ကျေးရွာပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | ၃ | —— | —— | | | |
| ၄။အိမ်ထောင်စု(၁၀၀)အတွက်မြေကွက်ဖော်ထုတ်ခြင်း | ၄ | | —— | | | |
| ၅။လမ်းချောင်းကူးတံတားချဲ့ထွင်တည်ဆောက်ခြင်း | ၅ | —— | | | | |
| ၆။ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီမှုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်ခြင်း | ၆ | —— | —— | —— | —— | —— |
| ၇။တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်တိရိစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်အောင်ဆောင်ရွက်ခြင်း | ၇ | —— | —— | —— | —— | |
| ၈။ရွှေလှေ့ရေထိန်းတံခါးပြုပြင်ခြင်း၊ရေပေးမြောင်း ဖောက်လုပ်ခြင်းဆောင်ရွက်ခြင်း | ၈ | —— | | | | |
| ၉။လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ | ၉ | —— | —— | —— | —— | |
| ၁၀။သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီအောင်ဆောင်ရွက်ခြင်း | ၁၀ | —— | —— | —— | —— | —— |
| ၁၁။ကျေးရွာအဖွဲ့အစည်းများခိုင်မာတောင့်တင်းရေးနှင့် စွမ်းရည်မြှင့်တင်ရေး | ၁၁ | —— | —— | —— | —— | —— |

## ၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် စီမံကိန်းတွင်ပါဝင်သော အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့် လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သော အကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ် ဖော်ပြထားပါသည်။ ၎င်းထဲတွင် စီမံချက်၏ရည်ရွယ်ချက်၊ အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကာလ၊ အခြေခံ အဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။ စီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် ဦးစားပေး သတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေး ရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ် ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသအတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေး လိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရ ဘတ်ဂျက်များ အပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာ ကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ အတွက် ပြင်ဆင်ရမည် ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက် ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက် ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | လျှပ်စစ်ထရန်စဖော်မာထပ်မံတိုးချဲ့တပ်ဆင်ခြင်း | | | √ | | |
| ၂ | ငွေကြေးဝန်ဆောင်မှုလက်လှမ်းမီမှုတိုးတက်အောင်ဆောင်ရွက်ခြင်း | | | √ | | |
| ၃ | ကျေးရွာပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း | | | √ | | |
| ၄ | အိမ်ထောင်စု(၁၀၀)အတွက်မြေကွက်ဖော်ထုတ်ခြင်း | | | √ | | |
| ၅ | လမ်းချောင်းကူးတံတားချဲ့ထွင် တည်ဆောက်ခြင်း(ကုလားမချောင်းတံတား) | | | √ | | |
| ၆ | ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီမှုတိုးတက်ကောင်းမွန်ရေးဆောင်ရွက်ခြင်း | | | √ | | |
| ၇ | တစ်နိုင်တစ်ပိုင်နှင့်စီးပွားဖြစ်တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများတိုးတက်လုပ်ကိုင်နိုင်ရေး | | | √ | | |
| ၈ | ရွှေလှေရေထိန်းတံခါးပြုပြင်ခြင်း၊ ရေပေးမြောင်းဖောက်လုပ်ခြင်း | | | √ | | |
| ၉ | လူငယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ | | | √ | | |
| ၁၀ | သီးနှံတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီရေး | | | | √ | |
| ၁၁ | ကျေးရွာအဖွဲ့အစည်းများခိုင်မာတောင့်တင်းရေးနှင့်စွမ်းရည်မြှင့်တင်ရေး | | | | √ | |
| | **စုစုပေါင်း** | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သော အကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ- မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမား အဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင်တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်

သာ ဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ရွာသာကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ ပူးပေါင်းပါဝင်လာအောင် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့ အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု (financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ

စီမံချက် လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ သုံးလပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက ဦးဆောင်ပါမည်။ သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(၁) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(၂) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်း လက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်း ပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် သုံးလပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစု ပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ စာမျက်နှာ (၂-၃) ခန့် ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

**(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်စုံမှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ဆောင်ရွက်နေသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ -

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊
- ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများနှင့် သက်ဆိုင်သော မြို့နယ်ဦးစီးဌာနများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (ဥပမာ - မြို့နယ်အတွင်းရှိ အင်ဂျီအို အဖွဲ့များ) စသည်တို့ ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာ အကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရေး အထောက်အကူပြု ဇယားများ

### ၁။ လူမှုစီးပွားရေး အခြေအနေ

### ၁.၁။ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) ပုဂံတောင်ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % | ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ |
|---|---|---|---|---|---|
| ၁ နှစ်အောက် | ၃၂ | ၃၉ | ၇၁ | ၂% | နို့စို့အရွယ် |
| ၁ နှစ်မှ ၅နှစ် | ၁၃၀ | ၁၃၂ | ၂၆၂ | ၉% | ၅နှစ်အောက်ကလေးငယ် |
| ၅ နှစ်မှ ၉နှစ် | ၁၄၆ | ၁၀၈ | ၂၅၄ | ၉% | မူလတန်းကျောင်းသားအရွယ် |
| ၁၀ နှစ်မှ ၁၄နှစ် | ၂၀၆ | ၂၂၈ | ၄၃၄ | ၁၄% | အလယ်တန်းကျောင်းသား အရွယ် |
| ၁၅ နှစ်မှ ၆၀ နှစ် | ၈၉၈ | ၉၀၂ | ၁၈၀၀ | ၆၀% | အလုပ်လုပ်နိုင်သည့်အရွယ် |
| ၆၀ နှစ် နှင့်အထက် | ၉၄ | ၉၈ | ၁၉၂ | ၆% | သက်ကြီးရွယ်ကြီး |
| **စုစုပေါင်း** | **၁၅၀၆** | **၁၅၀၇** | **၃၀၁၃** | **၁၀၀%** | |
| | **ကျေးရွာအိမ်ထောင်စုပေါင်း= ၇၂၉** | | | | **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ ၄ ဦး** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

### ၁.၂။ အလုပ်လုပ်နိုင်သူအင်အား

ဇယား (၂)မောင်းမကျေးရွာ၏ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစားများ

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၁ | *စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၆၇ | ၅၀ | ၀ | လယ်ယာစိုက်ပျိုးရေးကို အဓိက လုပ်ဆောင်သည့် အိမ်ထောင်စု များဖြစ်ကြသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၂ | *တိရိစ္ဆာန် မွေးမြူရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၂ | ၇ | ၀ | အသားစားကြက်၊ဝက်၊ဆိတ် မွေးမြူရေး |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | | |
| ၃ | ***ငါးဖမ်း လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၀.၅ | ၀ | တနိုင်တပိုင်မွေးသူ(၃)ဦးနှင့်ငါးကန်စီးပွားဖြစ်မွေးသူ(၁)ဦး ရှိပါသည်။ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၄ | ***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၅ | ***ထုတ်ကုန်လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀.၃ | ၀ | အလှူမင်္ဂလာဆောင်များ၊မွေးနေ့များ၊အိမ်တက်မင်္ဂလာအတွက်ဖိတ်စာ၊ယပ်တောင်လုပ်ငန်းလုပ်ကိုင်(၁)ဦး၊သံပန်းသံတံငါးလုပ်ငန်း၊ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၆ | ***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၇ | ***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀ | ၁.၄ | ၀ | ပန်းရံ၊လက်သမားအဓိကလုပ်ကိုင်သည့်အိမ်ထောင်စု |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄၃ | ၅.၉ | ၀ | ပန်းရံ ၊လက်သမားအဓိကလုပ်ကိုင်သည့်အိမ်ထောင်စု |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | အဓိက အလုပ်အကိုင် % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၈ | *ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၅ | | ဆိုင်ကယ်ပြင်၊ဒီဇယ်စက်ပြင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၉ | *ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၀.၄ | ၀ | ဆံသဆိုင် - ၃ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၀ | *လက်လီ-လက်ကား ရောင်းဝယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၆ | ၂ | ၀ | ကုန်စုံဆိုင်၊အိမ်ဆိုင်၊စက်သုံးဆီ ရောင်းဝယ်ရေး၊ဆိုင်ကယ်စက် ပစ္စည်းရောင်းဝယ်ရေး၊ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၁ | *ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၀.၅ | ၀ | လက်ဖက်ရည်ဆိုင် - ၄ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၂ | *ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၃ | *ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၁၄ | ***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၅ | ***ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၀.၇ | ၀ | ထွေအုပ်စာရေး(၁)၊ရဲ(၂)၊စစ်သူနာပြု(၁)၊ဒုဦးစီး(၁) |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၆ | ***ပညာရေး*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃၅ | ၅ | ၀ | ကျောင်းဆရာ(၃၅)၊ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၇ | ***ကျန်းမာရေး*** | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၅ | ၀.၇ | ၀ | ကျန်းမာရေးဝန်ထမ်းသားဖွား(၂)၊ဆေးမှူး(၁)၊သူနာပြု(၂)ဦး၊ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၈ | ***လူမှုရေး လုပ်ငန်းများ*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| ၁၉ | ***အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါလုပ်ငန်းများမှအပ)*** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၇၉ | ၂၄.၅ | ၀ | ကြုံရာကျပန်းလုပ်ကိုင်ကြသည် ကောက်ရိတ်၊ပျိုးနှုတ်၊ ပဲတီစိမ်းအသီးကောက်၊လယ်ထွန်၊ |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | % | တွဲဖက် အလုပ် အကိုင် | မှတ်ချက် |
|---|---|---|---|---|---|
| ၂၀ | *ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ* | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၀ | ၀ | ၀ | |
| | မိသားစုဝင် လုပ်အား | ၀ | ၀ | ၀ | |
| | **စုစုပေါင်း** | **၇၂၉** | **၁၀၀** | **၀** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာရှိအိမ်ထောင်စုများမှာ စီးပွားဖြစ်ငါးမွေးမြူရေးလုပ်ငန်းလုပ်သူ၊ ငါးကန်ပေါ်ကြက်မွေးသူများရှိပြီး ကျပန်းအလုပ်နှင့် တစ်နိုင်တစ်ပိုင်ဝက်မွေးမြူရေး တွဲလုပ်သောမိသားစုများ၊ စိုက်ပျိုးမွေးမြူရေးနှင့် တွဲဖက်လုပ်ဆောင်သော မိသားစုများရှိပါသည်။ မိသားစု စားဝတ်နေရေးအတွက် ဝင်ငွေရလုပ်ငန်းများဖြစ်သော ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချခြင်း စက်ပစ္စည်းဆိုင်များ၊ တနိုင်ကုန်စုံကုန်ခြောက် ဆိုင်များဟင်းချက်စရာ ကုန်စိမ်းရောင်းချသော ဆိုင်များလည်းရှိပါသည်။ ဝင်ငွေရလုပ်ငန်းလုပ်သူများမှာ မွေးမြူရေး၊ စိုက်ပျိုးရေးသာမက ကျေးရွာတွင်းလယ်ယာသုံး စက်ပစ္စည်းများကို ရန်ကုန်မှဝယ်၍ ဒေသနှင့်ကိုက်ညီအောင်ပြင်ဆင်၍ ရောင်းသူ(၄)ဦးမှာ ခြွေလှေ့စက်၊ လယ်ယာသုံးထွန်စက်များကို မြို့ရောင်းဈေးနှုန်းထက်(၁၀)%သက်သာစွာဖြင့် အသစ်ဆင်၍ ရောင်းချပါသည်။ ဆိုင်ကယ် ကယ်ရီအငှားပို့လျှင်လည်း မောင်းမကျေးရွာမှ ဖားဉကျေးရွာ၊ မောင်းမကျေးရွာမှခရမ်းခရီးကို လူတစ်ယောက်(၁,၀၀၀)ကျပ်ပို့ဆောင်ခအဖြစ် ပေးရပါသည်။ မိန်းကလေးဆံပင်ညှပ် မိတ်ကပ်ပြင်ဆိုင်မှာလည်းတစ်ဆိုင်သာရှိ၍ အလှူ၊မင်္ဂလာပွဲများရှိလျှင် တစ်ဦးဆံပင်မိတ်ကပ်အစုံ အလှပြင်ဆင်ခ(၂၀,၀၀၀)ကျပ်ဖြစ်ပြီး ပွင့်လင်းရာသီချိန်တွင် လုပ်ငန်းလည်ပတ်မှုကောင်းပါသည်။ အမျိုးသားဆံသဆိုင်မှာ လျှပ်စစ်ရှိ၍ မော်တာနှင့်ညှပ်ကာ တစ်ဦးလျှင် (၅၀၀)ကျပ်ရပါသည်။ မြို့နှင့်နီးသောရွာကြီးဖြစ်၍ဝင်ငွေရ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများပြီး ရန်ကုန်မြို့တက်ပြီးအလုပ်လုပ်သူများလည်း ရှိပါသည်။

### ၁.၃။သဘာဝအရင်းအမြစ်များ

### ၁.၃.၁။ စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၃)ခရမ်းမြို့နယ်၊မောင်းမကျေးရွာစိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၃၅၆၅ | ကောင်း | အနည်း အကျဉ်း | ယခင်နှစ်(၅၃)ဧကသာနွေစပါးစိုက်ပျိုးနိုင်၊ရွှေလှေ့ရေထိန်းတံခါးပဲခူးစိမ်းလမ်းမြောင်းမှပေးသောရေ၊ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| ယာမြေ | – | | | |
| ဥယျာဉ်ခြံမြေ | – | | | |
| အိမ်ခြံဝင်းစိုက်ခင်း | – | | | |
| ရွှေ့ပြောင်းတောင်ယာ | – | | | |
| ကိုင်း/ကျွန်းမြေ | – | | | |
| စားကျက်မြေ | ၉၆ | | | စားကျက်မြေသတ်မှတ်ထားသော်လည်း ရွာထဲရှိလယ်သမားများမှ နေရာဦး၍ စိုက်လာသည်မှာ ယခုထိ ဖြစ်ပါသည်။ |
| ပလပ်မြေ | – | | | |
| သစ်တောမြေ | – | | | |
| အခြား | – | | | |
| **စုစုပေါင်း** | ၃၆၆၁ ကောင်း | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာရှိလယ်သမားများ ပိုင်ဆိုင်သော လယ်ဧကစုစုပေါင်း (၃၅၆၅)ဧကရှိပြီး မောင်းမ ကျေးရွာပိုင်ကွင်းတွင်(၂၉၀၀)ဧကနှင့် ကျန်ဧကမှာအခြားကျေးရွာ ကွင်းပိုင်ထဲတွင် လုပ်ကိုင်ကြပါသည်။ လယ်သမားများပိုင်ဆိုင်ထားသော လယ်ဧကများထဲမှ လယ်ဧက(၅၃)ဧကခန့်သာ ပဲခူးစိမ်းလမ်းမြောင်းမှဆည်ရေဖြင့် လွန်ခဲ့သော(၄)နှစ်က နွေစပါးစိုက်ရာတွင် အောင်ရေရရှိ၍ အဆင်ပြေပါသည်။ ယခင်နှစ်က ဆည်မြောင်းရေမှာကောင်းစွာမရခြင်း၊ ရေငန်များတိုးဝင်ခြင်းကြောင့် နွေစပါးမအောင်မြင်၍ မစိုက်သူများလည်းရှိပါသည်။ ဆည်မြောင်းရေကောင်းစွာရလျှင် နွေစပါးစိုက်နိုင်သည့် ဧကပေါင်း(၅၀၀)ကျော်ရှိပါသည်။ ကျေးရွာရှိလယ်ဧကအများစုမှာ မိုးရေကိုသာအမှီပြု၍ မိုးစပါးစိုက်ပျိုးကြပါသည်။ နွေစပါးအောင်မြင်စွာစိုက်ပျိုးရန် ဆည်ရေမသေချာသောကြောင့် ဆောင်းသီးနှံပဲတီစိမ်းကိုသာ အားထားစိုက်ကြပါသည်။ စိုက်ပျိုးသော မိုးစပါးမျိုးမှာ ပျော့ထွန်း၊ မနောသုခ၊ ဆင်းသုခ၊ မန်းသုခ၊ ပုသိမ်ရာကျော်၊ တနံ့ဘွား၊ စိမ်းလဲ့မြေနှင့် ဘေးကြာစပါးများစိုက်ပျိုးပါသည်။ စပါးစိုက်ချိန်တွင် အလုပ်သမားရှားပါးပြီး ကုန်ကျစရိတ်မြင့်မား၍ စပါးကို ကြဲပက်စိုက်ပျိုးကြပါသည်။ စပါးစိုက်ချိန်ကာလတွင် စိုက်ခ၊ ထွန်ယက်ခ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးစရိတ် စုစုပေါင်းတစ်ဧက ကုန်စရိတ်မှာ(၁၂၀,၀၀၀)ကျပ်ခန့် ကုန်ပါသည်။ ထွန်ခစပါးပေးပါက(၁၂)တင်းနှင့် လယ်ထွန်ဦးစီး လုပ်သားတစ်ယောက်ငှားပါက(၁၀)ဧကအတွက် ထွန်ခစပါးတစ်ရာသီ နေ့စဉ်ထမင်းကျွေး၍ စိုက်ပျိုးရာသီလုပ်အားခ(၁၅၀,၀၀၀)ကျပ် ပေးရပါသည်။ စပါးတစ်ဧကအထွက်နှုန်းမှာ အများဆုံး(၉၀)တင်းခန့်သာရှိပြီး စပါးတစ်တင်းဈေးနှုန်းမှာ သီးနှံပေါ်ချိန်တွင် (၃,၅၀၀)ကျပ်သာရောင်းရပါသည်။ တောင်သူများမှာလည်း စိုက်ချိန်စရိတ်၊ ရိတ်သိမ်းခ

စရိတ်များ ကြောင့်သိုလှောင်မထားနိုင်၍ရသည့် စပါးပေါ်ရာသီပေါက်ဈေးနှုန်းနှင့် ရောင်းကြရပါသည်။ လယ်စိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်မှာ အလုပ်သမားရှားပါးပြီး အခက်အခဲများရှိပါသည်။ အလုပ်သမားများမှာ ရန်ကုန်မြို့သို့သွားရောက်ပြီး ဝင်ငွေပိုရသော ဆောက်လုပ်ရေးလုပ်ငန်းတွင် လက်သမားပန်းရံ၊ အထည်ချုပ်စက်ရုံ၊ ပုလဲနှင့် ငါးစက်ရုံတို့တွင် သွားလုပ်သူများလာပါသည်။ အလုပ်သမားများမှာ သက်တောင့်သက်သာဖြင့် ဝင်ငွေပိုရသော အလုပ်သာလုပ်ကြပါသည်။ ထိုအခြေအနေများကြောင့် လယ်သမားများမှာထွန်ယက် ရိတ်သိမ်းမှုကိစ္စများတွင်စက်များကို သာအားထားအသုံးပြုလာကြပါသည်။ သို့သော် လယ်သမားများမှာ စပါးစိုက်ရာတွင် ဓာတုပိုးသတ်ဆေးများအသုံးနည်းပြီး၊ ဓာတ်မြေဩဇာများကိုမိုးစပါးတွင် အသင့်အတင့် ထည့်သွင်းအသုံးပြုကြပါသည်။ နွေစပါးစိုက်ပျိုးရာတွင် ဓာတ်မြေဩဇာလည်း အလွန်မထည့်ပါ။ ဆောင်းသီးနှံပဲတီစိမ်းတွင် ဓာတ်မြေဩဇာများကို ထည့်သွင်းအသုံးပြုပါသည်။ ပုလဲသွယ်စပါးမျိုးကောင်းမျိုးသန့်ကို စိုက်ပျိုးရေးဌာနမှ ထုတ်ပေးသော်လည်း တစ်ဧကမျိုးစပါး (၁၂)ကီလိုခန့်ကြဲရပြီးတစ်ကီလို(၃၀၀၀) ကျပ်ဝယ်ရသည်။ စပါးကို ပျိုးထောင်စိုက်ပျိုးနိုင်သော်လည်း ကုန်ကျစရိတ်ကြီးမြင့်သည်။ နွေစပါးကောင်းလျှင် အထွက်နှုန်းမှာ တစ်ဧကတင်း(၁၀၀)ခန့်ထိ ထွက်ပါသည်။ ပုလဲသွယ်စပါးကိုရောင်းလျှင် စားသုံးသူဝယ်လက်မကြိုက် ဈေးကောင်းမရပါ ။ ဆောင်းသီးနှံပဲတီစိမ်းကို အားထားစိုက်ပျိုးပါသည်။ ပဲတီစိမ်းသီးနှံကို တန်ဆောင်မုန်းနတ်တော်လများတွင်စိုက်ပြီး (၄၅) ရက်ခန့်တွင် စတင်အသီးကောက်ရပြီး(၃)ရက်တကြိမ်နှင့် နောက်ပိုင်းတွင် တစ်ပတ်တစ်ကြိမ် အသီးကောက်ရပါသည်။ ရေအစိုဓာတ်ပေါ်မူတည်ပြီး အသီးသီးကာစိုက်ပျိုးပြီး (၄၅)ရက်မှ (၂)လ ဝန်းကျင်အကြာတွင် အသီးကောက်ရပါသည်။ တစ်ဧက(၁၀)ပြည်မျိုးကြဲရပြီး ကုန်ကျစရိတ်မှာ ထွန်ခ၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာ၊ အသီးကောက်ခ၊ ခြွေလှေ့ခအပါအဝင် ပဲတီစိမ်းတစ်ဧကလျှင် (၁၃၀,၀၀၀)ကျပ်ခန့်ကုန်ပြီး သီးနှံပေါ်ချိန်ရောင်းရဈေးမှာ ယခုနှစ်တစ်တင်း (၄၀,၀၀၀)ကျပ်ခန့် ဝင်ငွေရပါသည်။ တောင်သူများသည်ထွက်ရှိသော ပဲတီစိမ်းသီးနှံကို သိုလှောင်မထားနိုင်၍ သီးနှံပေါ်ချိန်ပေါက်ဈေးနှင့်သာ ရောင်းရပါသည်။ ပဲတီးစိမ်းအထွက်နှုန်းမှာ ကောင်းပါသည်။ ဖျက်ပိုးကင်းစင်ပြီး သွင်းအားစုထည့်သွင်းရန် တတ်နိုင်လျှင် တစ်ဧကလျှင် အများဆုံး(၂၀)တင်းအထိထွက် ပါသည်။ ပိုးကျလျှင် ပဲတီစိမ်းအထွက်နှုန်းကျသောကြောင့် တောင်သူများမှာ ပိုးမွှားကာကွယ်ရန်ဓာတုပိုးသတ်ဆေးများကို အချိန်မီ အသုံးပြုကြပါသည်။

### ၁.၃.၂။ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၄) ခါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | လက်လှမ်းမီ နိုင်မှု<br>(လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန်(ခါတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| ခါတ်သတ္တု(ကျောက်မျက်၊ သတ္တု၊ကျောက်၊ကျောက်မီးသွေး၊ သဲ) စသည့် | မရှိ | လက်လှမ်းမမီ၊အဆောက်ဦးဆောက်ရန်သဲကျောက်လိုအပ်ပါကဖားဦး၊ရန်ကုန်၊တည်ငမှဝယ်ယူသုံးစွဲသည်။ |

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီ နိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ) |
|---|---|---|
| **အခြားသဘာဝအရင်းအမြစ်** | | |
| တိရိစ္ဆာန်မျိုးစိတ်များ | များ | လွယ်ကူစွာရ၊ရန်ကုန်မြို့မွေးမြူရေးခြံများမှ အလွယ်တကူဝယ်ရနိုင်၊ ရွာတွင်းမှလည်း သားဖောက်ရောင်း။ |
| အပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ | မိုးစပါးနွေစပါးနှင့်ပဲတီစိမ်းစိုက်ပျိုးရသည့်အတွက် နွားစာပေါများရရှိပါသည် |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်၊ ဩဂုတ်လ၊၂၀၁၅)

## ၁.၄။ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅) မောင်းမကျေးရွာ၏ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| **အိမ်ထောင်စု ၇၂၉** | ၁၁၆(၁၆%) | ၃၃၉(၄၆%) | ၁၇၉(၂၅%) | ၉၅(၁၃%) |
| မြေယာပိုင်ဆိုင်မှု | ၁၀ ဧကအထက် | ၅-၁၀ဧက | ၅ဧကအောက် | မြေယာမဲ့လက်လုပ်လက်စား။ |
| အိမ်အခြေအနေ | ပျဉ်ထောင်၊သွပ်မိုး၊ တိုက်ခံ၊ | သွပ်မိုး၊ပျဉ်ကာ၊ ပျဉ်ခင်း၊တိုက်ခံ | အချို့သွပ်မိုး၊ သက်ကယ်မိုး ဝါးထရံကာ | သက်ကယ်မိုး ထရံကာ၊အချို့သွပ်မိုး |
| လုပ်ငန်းသုံးကိရိယာပိုင်ဆိုင်မှု | လှည်း၊နွား၊ထွန်စက်၊ ကွန်ဒေါင်း၊ထွေလာဂျီ၊ ခြွေလှေ့စက်။ | လှည်း၊နွား၊ထွန်စက်၊ကွန်ဒေါင်း၊ ခြွေလှေ့စက်။ | ကွန်ဒေါင်း၊တဘီး တပ်ထွန်။ | – |
| ကုန်ထုတ်လုပ်မှုနှင့်မဆိုင်သောပိုင်ဆိုင်မှု | တီဗွီ၊ဆိုင်ကယ်၊ရေခဲသေတ္တာ၊လျှပ်စစ်မီးရှိကား၊စက်လှေ | ဆိုင်ကယ်၊တီဗွီ၊ လျှပ်စစ်မီး၊ရေခဲ သေတ္တာ၊ ကုန်စုံဆိုင်။ | တီဗွီရှိ၊စက်ဘီး၊ ဆိုင်ကယ်၊အိမ် ဆိုင်အချို့ရှိ။ | – |
| အဓိကစီးပွားရေးလုပ်ငန်း၊ တနှစ်ဝင်ငွေ အခြားပိုင်ဆိုင်မှု | စိုက်ပျိုးရေး၊ငါးမွေး မြူရေး | စိုက်ပျိုးရေး၊ တနိုင်မွေးမြူရေး | စိုက်ပျိုးရေးအချို့ ကျပန်း၊တနိုင်မွေး မြူရေး | ကျပန်း၊ခေါင်းရွက် ဈေးသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာမှာရွာကြီးဖြစ်၍ လယ်ယာလုပ်ငန်းအပြင် အခြားလုပ်ငန်းမျိုးစုံလုပ်နိုင်၍တစ်ကြောင်း၊ ရန်ကုန်တည်ငနှင့်နီး၍တစ်ကြောင်း၊ ရွာရှိလူတန်းစားအများစုမှာညီ၍ အလွန်ဆင်းရဲသူနည်းပြီး၊ အလွန်ချမ်းသာသူမှာလည်း အနည်းငယ်သာရှိပါသည်။

## ၁.၅။ ထိခိုက်လွယ်မှု

### ၁.၅.၁။ ဂမ်းစာဖူလုံမှု

ဇယား (၆) မောင်းမကျေးရွာ၏ ဂမ်းစာဖူလုံမှုအခြေအနေ

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖြေရှင်းသည့်နည်းဗျူဟာ |
|---|---|---|---|
| ၃ လအောက် | ၁၃၅ | ၁၈% | စပါးပေါ်စအချိန်တွင်မိုးစပါးလယ်ထွန်ကြိုတင်လုပ်အားခစပါးရသောကြောင့်တစ်လစာခန့်ဝမ်းစာဖူလုံ တတ်ပြီးနောက်ပိုင်းတွင်ကျေးရွာဈေးဆိုင်များမှအကြွေးယူရခြင်း၊ဆွေမျိုးသားချင်းများထံမှငွေချေးငှားစားသုံးခြင်း၊ကျေးရွာမှငွေတိုးပေးသူများထံမှငွေတိုးယူပြီးစား နပ်ရိက္ခာဝယ်ယူစားသုံးရသည်။ |
| ၃ လနှင့် ၅ လအထိ | ၂၉၁ | ၄၁ | လယ်ပိုင်ဧကအနည်းငယ်ရှိသူများစပါးပေါ်ချိန်အနည်းထားနိုင်ပြီးနောက်ပိုင်းဝယ်စားပါသည်။စပါးကြိုတင်ရောင်းချခြင်း၊စိုက်ပျိုးစရိတ်ချေးငွေရရှိပါကအချို့စားစရိတ်အဖြစ်သုံးပါသည်။ |
| ၆လမှ၁၂လအထိ | ၂၉၃ | ၄၁ | လယ်(၈)ဧကထက်ပိုင်သောတောင်သူများမိမိလယ်ထွက်စပါးကိုနှစ်ပေါက်စားနိုင်၊ငွေလိုလျှင်ဆွေမျိုးသားချင်းများချေးယူခြင်းလုပ်ငန်းရှင်များထံသို့စပါးကြိုတင်ရောင်းချ၍ရင်းနှီးငွေအသုံးယူခြင်းစသည်ဖြင့်ဖြေရှင်းသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)

ကျေးရွာတွင် လယ်ဧကအများပိုင်ဆိုင်သူ လယ်သမားများမှ မိမိလယ်မှထွက်သော စပါးကို တစ်နှစ်စာဝမ်းစာအတွက် စပါးသိုလှောင်ထားနိုင်ပြီး ကျန်လယ်သမားအချို့နှင့် မြေယာမဲ့များမှာ ဝမ်းစာစပါး ကြာရှည်မသိုလှောင်နိုင်ပါ။ တနေ့လုပ်အားခဖြင့် တနေ့ဝယ်စားခြင်းပြီး မိသားစုစားဝတ်နေရေး ဖြေရှင်းကြသူများလည်းရှိပါသည်။

### ၁.၅.၂။ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ရှင်းလင်းချက်/ဖော်ပြချက် | ကျား | မ | ပေါင်း |
|---|---|---|---|---|
| သက်ကြီးရွယ်အို ၆၀နှစ်နှင့်အထက် မသန်စွမ်းသည့် ပုဂ္ဂိုလ် | မိသားစုစောင့်ရှောက်မှုမရှိ<br>မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိ | ၁ | ၁ | ၂ |
| | | အိမ်ထောင်စုအရေအတွက် | | |
| အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု | ဆင်းရဲ၍မိသားစုဦးရေများ | ၆ | | |
| မုဆိုးဖို / တစ်ခုလပ် | ဆင်းရဲ၍မိသားစုဦးရေများ | ၃ | | |
| ဆင်းရဲသည့် အိမ်ထောင်စု | အခြားဒေသသို့ကြာမြင့်စွာသွားရောက် နေထိုင်လုပ်ကိုင်နေသူ | ၁၄ | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၁.၅.၃ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာမဖူလုံမှု | နိမ့် | ကျေးရွာတွင်းနှင့်ပတ်ဝန်းကျင်မှစပါးအဓိကထားစိုက် အလွယ်တကူရနိုင်၊ဝင်ငွေရအလုပ်ကိုင်နေ့စဉ်ရှိခြင်း |
| ၂ | သဘာဝအရင်းအမြစ်ရှား ပါးမှု(မြေ၊စိုက်ပျိုးရေ…) | နိမ့် | |
| ၃ | ရေကြီးခြင်း | နိမ့် | ကုလားမတံတားကျဉ်းမြောင်းမှုကြောင့် မိုးများ၍ တနှစ်ရွာထဲရေဝင်တာကြုံဘူး၊စပါးခင်းများရေလွှမ်း မိုးခံရနိုင် |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | မုန်တိုင်း | နိမ့် | ဖြစ်တတ်သောအလေ့အထနည်း၊သို့သော်ယခုနှစ် လေဆင်နှာမောင်း(၃)ကြိမ်တိုက်။ |
| ၆ | ငလျင် | နိမ့် | ငလျင်ကြောနှင့်ဝေး |
| ၇ | မီးဘေး | နိမ့် | |
| ၈ | ဆားငံရေဝင်မြေ | နိမ့် | ရွှေလှေ့ရေထိမ်းတံခါးကြောင့်ပင်လယ်ဆားငံရေမဝင် နိုင်ပါ ၊ |
| ၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | မြင့် | ဓာတုပိုးသတ်ဆေး၊မြေသြဇာအလွန်သုံး |
| ၁၀ | သစ်တောပြုန်းတီးခြင်း | နိမ့် | သစ်တောမရှိ |
| ၁၁ | ငှက်ဖျားရောဂါ | နိမ့် | ရေမြောင်းများပတ်ဝန်းကျင်အိမ်ပတ်ဝန်းကျင်ဆေး ဖြန်းသည့်အလေ့ထရှိ၊ခြင်ထောင်အသုံးပြုအိပ်သည့်အ လေ့အထရှိ၊ |
| ၁၂ | တီဘီရောဂါ | နိမ့် | ကျန်းမာရေးဌာနမှတီဘီရောဂါသည်များကို အခမဲ့ဆေးဝါးဖြန့်ဝေခြင်းဆောင်ရွက် |
| ၁၃ | ကိုယ်ခံအားကျဆင်းမှု ရောဂါ | နိမ့် | ကျန်းမာရေးဌာန၊သတင်းစာဂျာနယ်များဖတ်၊ |
| ၁၄ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ ပြောင်းခံရသူများ(IDP) | နိမ့် | |
| ၁၅ | လူကုန်ကူးခြင်း | နိမ့် | နိုင်ငံခြားသွားရောက်အလုပ်လုပ်သူနည်းခြင်း |
| ၁၆ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | ရန်ကုန်၊ခရမ်းသွားလမ်းမဘေးမှာရှိ။ |
| ၁၇ | အခြား | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၁.၅.၄။ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | မြို့နှင့်နီးသော်လည်းရက်ရှည်အလုပ်သွားလုပ်သူနည်း၊ကျေးရွာတွင်အရက်ဆိုင်ပေါ်ခြင်း |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | လတ် | ကျေးရွာတွင်းအလုပ်အကိုင်ပေါ်များရာသီချိန်တွင်သာစားဝတ်နေရေးအဆင်ပြေပြီးအလုပ်အကိုင်မရှိလျှင်စားဝတ်နေရေးအဆင်မပြေပါ ကျန်းမာရေးစရိတ်မရှိ၊အချို့မိသားစုများငွေကြေးမတတ်နိုင်ရောဂါဖြစ်လျှင်ဆေးမြီးတိုသာသုံးကြ၊ |
| ၃ | မြေယာမဲ့၊ဆင်းရဲသားတောင်သူ | မြင့် | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ကူးစက်ရောဂါထူပြောသောဒေသ | နိမ့် | ဆိုရွားစွာမဖြစ်ဘူးပါ |
| ၅ | မြစ်ကမ်းဘေးနေလူထု | နိမ့် | မြစ်နှင့်မနီးပါ |
| ၆ | မတော်မဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident) | နိမ့် | လယ်ကွင်းများမြွေအန္တရာယ်စိုးရိမ်ရ၊ တနှစ်မြွေကိုက်ခံရသူ(၃)ဦးခန့်ရှိ။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ(IDP) | နိမ့် | မရှိ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | နိမ့် | မရှိ |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | စနစ်တကျမွေး။ငါးမွေးမြူရေးဆေးစနစ်တကျသုံး |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်း | မြင့် | နေ့စဉ်ဝင်ငွေရမှမိသားစုစားရန်အဆင်ပြေနိုင်၊မိုးဆက်တိုက်ရွာလျှင်အလုပ်အကိုင်မရှိ၊ |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | မရှိ |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာ | နိမ့် | မရှိ |
| ၁၃ | နယ်စပ်ဒေသ | – | – |
| ၁၄ | ရွှေတွင်းလုပ်သား | – | – |
| ၁၅ | ဆေးစွဲသူများ | – | အသိပညာပေးဟောပြောပွဲတက်ရောက်ခဲ့သူမှတဆင့်ပြန်ပြော၍ မူးယစ်ဆေးအကြောင်းသိရ၊ကျေးရွာတွင်မူးရစ်ဆေးသုံးစွဲသူမရှိပါ၊ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | နိမ့် | အသားစားကြက်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင် ရွာအပြင်ထွက် မွေးမြူသောကြောင့် ကူးစက်ရောဂါအန္တရာယ်နည်းပါသည်။ |
| ၁၇ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | နိမ့် | အခြားသို့ရက်ရှည်သွားရောက်ရောင်းချသူမရှိ၊ကျေးရွာတွင်းမနိုင်တပိုင်သာရောင်း။ |

| စဉ် | အမျိုးအစား | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
| --- | --- | --- | --- |
| ၁၈ | ရွှေ့ပြောင်းလုပ်သားများ | နိမ့် | နှစ်ရှည်သွားရောက်အလုပ်လုပ်သူနည်းပါးခြင်းကြောင့်ထူးဆန်းသောရောဂါများမကြုံဘူးပါ။ |
| ၁၉ | ကားသမား | နိမ့် | မရှိ |
| ၂၀ | အခြား | – | – |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂။ ကျေးလက်မိသားစုများ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

### ၂.၁။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### ၂.၁.၁။ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက်အကူပြုနိုင်ပါသည်။ ကျေးရွာ၏ လက်ရှိရင်ဆိုင်နေရသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွား ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်း ဆက်သွယ်ရေးပြဿနာများကို ပူးပေါင်းဖော်ထုတ်ပြီး၊ ကျေးရွာတွင် ရှိသောအရင်း အမြစ်များ၊ အခွင့်အလမ်းများကို ဖော်ထုတ်ကာ အကျိုးရှိစွာအသုံးချပြီး၊ သက်ဆိုင်ရာဌာန များနှင့်အစီအစဉ် ကျသော မူဝါဒချိတ်ဆက်မှုများလုပ်ဆောင်သွားနိုင်ပါမည်။

ဇယား (၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ |  |  | လုပ်ငန်းတာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
| --- | --- | --- | --- | --- | --- | --- | --- | --- |
|  |  |  | ကျား | မ | ပေါင်း |  |  |  |
| ၁ | မိဘဆရာအသင်း | ၂ | ၅ | ၅ | ၁၀ | ကျေးရွာမူလတန်းအလယ်တန်း၊ အထက်တန်းကျောင်းအတွက်လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်း | ၄ | ၆ |
| ၂ | ကျေးရွာမီးလင်းရေးကော်မတီ | ၂ | ၁၈ |  | ၁၈ | ကိုယ်ထူကိုယ်ထ မီးလင်းရေးဆောင်ရွက် | ၄ | ၇ |
| ၃ | မြေယာစီမံခန့်ခွဲရေးကော်မတီ | ၁ | ၅ |  | ၅ | ကျေးရွာပိုင်မြေကိုယာယီရွာသားနေထိုင်ရန်စီမံခန့်ခွဲခြင်း | ၄ | ၈ |

| စဉ် | အဖွဲ့အစည်း အမည် | အမျိုး အစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် | ဦးဆောင် ဖွဲ့စည်းသူ များ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၄ | အမျိုးသမီး ရေးရာအဖွဲ့ | ၂ | | ၃ | ၃ | ကျေးရွာတွင်းအမျိုးသ မီးများနှင့်မြို့နယ်အမျိုး သမီးရေးရာတို့ ချိတ် ဆက်ပြီးဖွံ့ဖြိုးတိုးတက် ရေးဆောင်ရွက်ခြင်း | ၄ | ၈ |
| ၅ | ကျန်းမာရေး ကော်မီတီ | ၂ | ၅ | | ၅ | ကျေးရွာကျန်းမာရေး ကော်မတီနှင့်မြို့နယ် ကျန်းမာရေးဌာနချိတ် ဆက်ပြီးကာကွယ်ဆေး ထိုးစီမံချက်များဆောင် ရွက်ခြင်း | ၄ | ၇ |
| ၆ | နာရေးကူညီ မှုအသင်း | ၂ | ၁၀ | | ၁၀ | ကျေးရွာအိမ်ထောင်စု များမကျန်းမမာဆေးရုံ တက်ခြင်းကိစ္စ၊နာရေး ကိစ္စကူညီခြင်း | ၄ | ၆ |
| ၇ | ဘာသာရေး ဂေါပကအဖွဲ့ | ၃ | ၁၇ | | ၁၇ | ဗုဒ္ဓဘာသာ၊ဘာသာ ရေးကိစ္စဆောင်ရွက် ခြင်း | ၄ | ၇ |
| ၈ | သမဝါယမ ချေးငွေ စိုက်ပျိုး မွေးမြူရေး | ၁ | ၇ | | ၇ | ကျေးရွာသမအသင်းထူ ထောင်ပြီးချေးငွေလုပ် ငန်းဆောင်ရွက်ခြင်း | ၅ | ၇ |
| ၉ | အထောက်ကူ ပြုအဖွဲ့ | ၁ | ၅ | | ၅ | ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်ခြင်း | ၅ | ၇ |
| ၁၀ | ကျေးလက် လူငယ်အဖွဲ့ | ၂ | ၅ | | ၅ | ကျေးရွာတွင်းနှစ်စဉ် ကျင်းပသောယဉ်ကျေး မှုပွဲတော်များတွင် ဖြစ် မြောက်ရေးကူညီ ဆောင်ရွက်ခြင်း | ၄ | ၇ |
| ၁၂ | သဘာဝဘေး အန္တရာယ်စီမံ ခန့်ခွဲမှုအဖွဲ့ | ၂ | ၁၂ | ၁ | ၁၃ | ကျေးရွာတွင်မိုးရာသီ၊ လေမုန်တိုင်းသတိပေး ခြင်း၊ နွေရာသီမီးဘေး ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်း | ၄ | ၈ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာလူငယ်များမှာအနည်းစုဖြစ်၍အဖွဲ့တိုင်းမှာပါဝင်ဆောင်ရွက်ကြပါသည်။

**မှတ်ချက်။**

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

## ၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

### ၂.၁.၂။ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | မရှိ | | |
| ၂ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄)ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

## ၂.၂။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### ၂.၂.၁။ သီးနှံထုတ်လုပ်ရေး

### ၂.၂.၁.၁။ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) မောင်းမကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၆၂ | ၅၀% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက်(၁ဟတ်တာထိ) | ၃၁ | ၄% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ) | ၇၃ | ၁၀% | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား (၅ဟတ်တာထိ) | ၁၂၈ | ၁၈% | အလယ်အလတ်စားတောင်သူ |
| ၅ | ၁၂.၅ဧကအထက် (၅ဟတ်တာနှင့် အထက်) | ၁၃၅ | ၁၈% | တောင်သူကြီး |
| | **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | **၇၂၉** | **၁၀၀ %** | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

မှတ်ချက်စိုက်ပျိုးမြေပိုင်ဆိုင်မှုအနေအထားသည်စီးပွားရေးအဆင့်အတန်းနှင့်ချမ်းသာ/ဆင်းရဲ မညီမျှမှုအချက်လက်ကဖော်ပြပါသည်။ကျေးရွာအိမ်ထောင်စုများ၏ထက်ဝက်ကျော်ခန့်မှာမြေယာမဲ့ များဖြစ်ပြီးဆင်းရဲသားအများစုမှာမြေ(၂.၅)ဧကအောက်သာပိုင်ဆိုင်ပြီးမြေယာမဲ့များသာဖြစ်ပါသည်။

### ၂.၂.၁.၂။အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) မောင်းမကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | အစိုးရနှင့် ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်) |
|---|---|---|---|---|
| ၁ | ဆည် | | | |
| ၂ | ရေလွှဲဆည် | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | |
| ၄ | ဆည်မြောင်း | အစိုးရ | ၅၃ | ရွှေလှေရေထိမ်းတံခါးမှရာသီအလိုက် (နွေရာသီ)နွေစပါးစိုက်ပျိုးရန်ယခုနှစ်မှရရှိ၊ |
| ၅ | အဝီစိတွင်း | | | |
| ၆ | လက်ငင် ရေတွင်း | | | |
| ၇ | စိမ့်စမ်းရေ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၄ရက်၊၈လ၊၂၀၁၅နှစ်)ခုနှစ်

ကျေးရွာသားများသည် လယ်ဧကစုစုပေါင်းမှာ(၃၅၆၅)ဧကပိုင်ဆိုင်ပြီး မောင်းမကွင်းတွင် (၂၉၀၀)ဧကနှင့် ကျန်ဧကများမှာ အခြားရွာနားနီးကွင်းပိုင်တွင်း ဖြစ်ပါသည်။ နွေရာသီပဲခူးစိမ်း လမ်းဆည်မြောင်း ရေမှရေပေးသော်လည်း ယခင်နှစ်များတွင် ပျိုးထောင်ချိန်သာရပြီး အောင်ရေ ထိမရ၍ နွေစပါးမစိုက်ပါ။ ယခုနှစ်ဆည်မြောင်းရေပေး၍ နွေစပါးစိုက်ရာအချို့လယ်သမားများမှာ အောင်ရေစိတ်မချရသဖြင့် ယခုနှစ်စိုက်ပျိုးဧကမှာ(၅၃)ဧကသာ စိမ်းလမ်းတူးမြောင်း ဆည်မြောင်း ရေနှင့် နွေစပါးစိုက်ပါသည်။ စပါးအထွက်နှုန်းမှာကောင်းပါသည်။ နွေစပါးထွက်နှုန်းမှာ မိုးစပါး ထွက်နှုန်းထက်ကောင်းပါသည်။ နွေစပါးရေပေးရာတွင် ရွှေလှေ့ရေထိမ်း တံခါးမှ ပင်လယ်ဆားငံရေ လုံအောင် မတားနိုင်သောဆားငံရေဝင်ကြောင့်ပြီး အချို့တောင်သူများယခင်နှစ်အရှုံးနှင့်ရင်ဆိုင်ခဲ့ရ။

## ၂.၂.၁.၃။ အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | ဧက | ယူနစ် | သီးနှံထွက်မှု | | | သီးနှံစိုက်ပျိုးသည့်ကာလ | သွင်းအားစုလိုအပ်ချက်(နိမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | | | | |
| မိုးစပါး | ၂၉၀၀ | တင်း | ၅၀ | ၉၀ | ၇၀ | ဝါဆို၊ဝါခေါင်(မိုးစပါး) | လတ် | လတ် | ထွက်နှုန်းကောင်းသော်လည်းစပါးဈေးမှာသီးနှံပေါ်ချိန်ဈေးမကောင်း |
| နွေစပါး | ၅၃ | တင်း | ၇၅ | ၉၀ | ၈၀ | နတ်တော်၊ပြာသို | လတ် | လတ် | ပိုးလွှတ်လျှင်အမြတ်စွန်းရနိုင်၊အထွက်နှုန်းကောင်း |
| ပဲတီစိမ်း | ၂၅၀၀ | တင်း | ၁၀ | ၂၀ | ၁၃ | တန်ဆောင်မုန်း | လတ် | လတ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)

ကျေးရွာရှိလယ်သမားအများစုမှာ ထွန်စက်ကိုသာ အဓိကသုံးပြီး စပါးကိုကြဲပက်စိုက်ပျိုး ပါသည်။ လယ်သမားများမှာ လယ်စိုက်ချိန် စက်ထွန်စရိတ်(၃၅၀၀၀)ကျပ်၊ မျိုးဘိုးမှာ တစ်ဧက စပါး(၃)တင်းလျှင် (၁၈၀၀၀)ကျပ်၊ မြေဆီဘိုးမှာ(၅၀၀၀၀)ကျပ်ခန့်နှင့် လုပ်သားစာရင်းငှားအပြတ် ခေါ်ပါက စပါးတစ်ရာသီစပါးတင်း(၅၀) ပေးရပါသည်။ စပါးသီးနှံရိတ်သိမ်းခမှာ စက်နှင့်သာ ရိတ်ချွေ၍တစ်ဧက(၅၀၀၀၀)ကျပ် ကုန်ကျပါသည်။ တစ်ဧကမိုးစပါးထွက်နှုန်းမှာ အများဆုံးတင်း (၉၀)ခန့်ထွက်၍ နွေစပါးထွက်နှုန်းမှာတင်း(၉၀)ကျော် ထွက်ပါသည်။ စပါးဈေးနှုန်းမှာလည်း သီးနှံပေါ်ချိန်တွင်(၃၈၀၀)ကျပ်သာ ရောင်းရပါသည်။ အရင်းနှီးမရှိစိုက်ချိန်တွင် ငွေချေးစိုက်ရ

သောကြောင့် သီးနှံပေါ်ချိန်တွင်ဈေးကောင်းရရန် လှောင်ထားနိုင်ခြင်းမရှိဘဲ ပေါက်သည့် ဈေးနှုန်းနှင့်သာရောင်းရပါသည်။ လယ်သမားများမှာ လယ်စိုက်ချိန် အလုပ်သမားရှားပါးခြင်း၊ စက်ကိရိယာများအသုံးပြုလာ၍ စိုက်ပျိုးစရိတ်မြင့်မားခြင်းတို့ကြောင့် အထွက်နှုန်းကောင်းသော်လည်း အကျိုးအမြတ်နည်းရခြင်း ဖြစ်ပါသည်။ ဆောင်းသီးနှံပဲတီစိမ်းကို ဧက (၂၅၀၀)ခန့် သီးထပ်စိုက်ပျိုးရာ မစိုက်မီသုံးပြန်ထွန်ရပါသည်။ တစ်ကြိမ်ထွန်လျှင်(၈၀၀၀)ကျပ်နှင့် ထွန်ခမှာစုစုပေါင်း(၂၀၀၀၀)ကျပ်၊ မျိုးဘိုးမှာ တစ်ဧကစပါး တစ်တင်းနှုန်းနှင့်(၂၀၀၀၀)ကျပ်၊ ပိုးသတ်ဆေးဖိုး(၃၅၀၀၀)ကျပ်၊ ဓာတ်မြေဩဇာဖိုး(၂၀၀၀၀)ကျပ်၊ ရိတ်သိမ်းခြွေလှေ့ခမှာ စက်ခြွေခ(၅၀၀၀၀)ကျပ်ခန့် ကုန်ကျပါသည်။ ပဲတီစိမ်းတစ်ဧကလျှင် အများဆုံးတင်း(၂၀)မှ အနည်းဆုံး (၁၀) တင်းထွက်ပါသည်။ သီးနှံပေါ်ချိန်ပဲတီစိမ်းတစ်တင်းလျှင် (၄၀၀၀၀)ကျပ်ခန့်ရောင်းရပါသည်။ သီးနှံဖြိုင်ဖြိုင်ပေါ်လျှင် ဈေးကျတတ်၍ သီးနှံလယ်သမားများထံရောင်းရန် ပဲကုန်လျှင် ဈေးတက်သည်မှာ နှစ်တိုင်းဖြစ်ပါသည်။

### ၂.၂.၁.၄။ လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) မြင်းသည်ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

| စက်အမျိုးအစား | အိမ်ထောင်စု အရေအတွက် | ရွာပိုင်ဆိုင်မှု | မှတ်ချက်/ အခြေအနေ |
|---|---|---|---|
| ထွန်စက် | ၃၄ | ပုဂ္ဂလိကပိုင် | မိမိပိုင်လယ်အတွက်သုံး၊အငှားလိုက်ပါကတစ်ဧက(၃)လှော၊တစ်လှော(၇၀၀၀)နှင့်(၂၁၀၀၀)ကျပ်ရပါ သည်။ |
| ရိတ်သိမ်းစက် | ၃ | ပုဂ္ဂလိကပိုင် | အငှားလိုက်ပါသည်။စပါးတဧက(၅၀၀၀၀)ကျပ် |
| လက်တွန်းထွန်စက် | ၆၁ | ပုဂ္ဂလိကပိုင် | တနိုင်တပိုင်သာသုံးပါသည်။ |
| ခြွေလှေ့စက် | ၄၂ | ပုဂ္ဂလိကပိုင် | အငှားခြွေလိုက်ပါသည်။စပါးတတင်း(၃၀၀)ကျပ်၊ ပဲတီစိမ်းတတင်း(၂၅၀)ကျပ် |
| ရေစုပ်စက် | ၃၅ | ပုဂ္ဂလိကပိုင် | ဇွန်လထက်နောက်ကျမိုးမရွာလျှင်ရေစုပ်စက်သုံးပါသည် |
| ခြေနင်းရေတင်စက် | | | |
| မျိုးစေ့ချစက် | | | |
| မြက်ရိတ်စက် | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)

### ၂.၂.၁.၅။ သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံအထွက်နှုန်းတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊မြေဆီ၊ဩဇာ) | ရှိ | ပလပ်မြေသတ်မှတ်ထားသောလယ်ဧက(၉၆)ဧကရှိ |
| ရေအရင်းအမြစ် | ရှိ | ပဲခူးစိမ်းလမ်းမြောင်းနှင့်၊မြေအောက်ရေအလွယ်တကူတူးရနိုင် |

| အခြေအနေ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| သဘာဝမြေဆွေး၊ သြဂဲနစ် | မရှိ | ဓာတ်မြေသြဇာနှင့်ပေါင်းသတ်ဆေးများအလွယ်တကူ အသုံးပြု၍နွားချေးအနည်းနှင့်ငယ်ပဲတီစိမ်းရိုးများကို မြေသြဇာအဖြစ်အသုံးပြုနိုင် |
| သြဂဲနစ်ပိုးသတ်ဆေး | မရှိ | ဓာတုပိုးသတ်ဆေးများသာသုံးစွဲနေ |
| ချေးငွေရရှိမှု | ရှိ | စိုက်ဘဏ်၊သမချေးငွေ၊ပုဂ္ဂလိကချေးငွေ |
| သွင်းအားစုဈေးကွက် | ရှိ | ရာစီချိန်ရောက်တိုင်းပိုးသတ်ဆေး၊ဓာတ်မြေသြဇာ၊စိုက်ပျိုးရေးသုံးပစ္စည်းများကိုကျေးရွာသို့ကုမ္ပဏီများမှလာပြီးရောင်းချမှုပေးသောဝန်ဆောင်မှုရှိ၊ခရမ်း၊ရန်ကုန်နှင့်နီးလိုသည့်အချိန်ရ။ |
| ဝန်ဆောင်မှုဈေးကွက် | ရှိ | စိုက်ပျိုးရေးကုမ္ပဏီများမှပိုးသတ်ဆေး၊ဓာတ်မြေသြဇာများရွာအရောက်ဝန်ဆောင်မှုပေး |
| ထုတ်လုပ်မှုဈေးကွက်နှင့်ကုန်သွယ်မှု | ရှိ | ထွက်ကုန်များကို ပွဲစားများရွာထိလာဝယ်၊ အလွယ်တကူရောင်းနိုင် ခရမ်း၊ရန်ကုန်၊တညင်မြို့များသို့သွားရောက်ရောင်းချနိုင် |
| အခြား(၁) | | |
| အခြား(၂) | | |
| အခြား(၃) | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)

## ၂.၂.၁.၆။ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| **မြေယာအသုံးချနိုင်မှု** | မရှိ | ကျေးရွာတွင်မြေဧရိယာတိုးချဲ့ရန်မရှိ၊ ဦးပိုင်မပေါက်သောပလပ်မြေ (၉၆)ဧကတွင် ကျေးရွာအုပ်ချုပ်ရေးမှူး၏ အစီအမံဖြင့် သီးနှံစိုက်ပျိုးခြင်း။ |
| **ငွေကြေးအရင်းအနှီးလက်လှမ်းမှီမှု** | ရှိ | စပါးချေးငွေ၊ မတ်ပဲချေးငွေစိုက်ဘဏ်မှထုတ်ပေးသော်လည်း လုံလောက်အောင်ချေးငွေမရခြင်း၊ စိုက်ချိန်မှီလည်းတခါတရံမရနိုင်၊ ပြန်ဆပ်ချိန်အကန့်အသတ်ရှိခြင်း။ |
| **သွင်းအားစုတတ်နိုင်မှု** | ရှိ | လိုအပ်သောသွင်းအားစုများလိုအပ်သလောက် အချိန်မှီထည့်နိုင်ရန် အရင်းအနှီးမရှိခြင်း၊ |
| **ကျွမ်းကျင်လုပ်သားရှားပါးမှု** | ရှိ | အလုပ်သမားများလယ်ယာလုပ်ငန်းခွင် ထက်ဝင်ငွေပိုရသော ရန်ကုန်၊ တညင်သို့လက်သမားပန်းရံ၊ အထည်ချုပ်စက်ရုံသို့ နေ့စား သွားရောက်လုပ်ကိုင်ကြခြင်းကြောင့် လယ်ယာလုပ်ငန်းတွင် ကျွမ်းကျင်လုပ်သားရှားပါးခြင်း။ |
| **ဆည်မြောင်းရေရရှိမှု** | ရှိ | ပဲခူးစိမ်းလမ်းမြောင်းမှ ရေလုံလောက်အောင်ပေးပါက နွေစပါး လယ်ဧက(၅၀၀)ခန့်စိုက်နိုင်။ ဆည်မြောင်းဦးစီးဌာနနှင့် တိုင်ပင် |

| ပြဿနာ | ရှိ/မရှိ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| | | ဆွေးနွေး၍ပဲခူးစိမ်းလမ်းမြောင်းမှနွေရာသီတွင်သွင်းရေရရှိအောင်ဆောင်ရွက်ရန်လိုအပ်ခြင်း။ရွှေလှေရေထိမ်းတံခါးပင်လယ်ဆားငံရေလုံအောင်မတားနိုင်၊နွေစပါးစိုက်ခင်းအောင်မြင်ရန်ဆည်မြောင်းဦးစီးဌာနမှရေချိုသီးသန့်ရအောင်ဆောင်ရွက်ပေးရန်လို |
| **မိုးရေမလုံလောက်မှု** | ရှိ | မိုးဦးရာသီခေါင်တတ်ပြီး စိုက်ချိန်နောက်ကျတတ် |
| **စိုက်ပျိုးရေသွင်းအားစုများ အချိန်မှီအသုံးပြုနိုင်မှု** | ရှိ | မိုးစပါးတွင် သွင်းအားစုထည့်ရန် ချေးငွေနောက်ကျ၍ သွင်းအားစု အချိန်မှီအသုံးမပြုနိုင်၊ ဆောင်းသီးနှံပဲတီစိမ်း ချေးငွေ၂၀၀၀၀ ကျပ်သည် သွင်းအားစုအတွက်မလုံလောက်၊ |
| **ဖျက်ပိုးနှင့်ရောဂါ** | မရှိ | တခါတရံ စပါးရိုးနီ၊ ဖလံဖြူများ ကျပျက်စီးလောက်အောင် အဖြစ်ဖူးပါ။ |
| **နည်းပညာအကူအညီနှင့် နည်းလမ်းများ** | ရှိ | ဌာနဆိုင်ရာနှင့်စိုက်ပျိုးရေးဗဟုသုတချိတ်ဆက်မှုအနည်းငယ်ရှိ။ |
| **ဈေးကွက်လက်လှမ်းမီ မှု** | ရှိ | အချိန်မရွေးရောင်းရနိုင်သော်လည်းသီးနှံပေါ်ချိန်လယ်သမားများဈေးနှိမ်ခံရ၊သီးနှံဈေးကွက်အတည်တကျမရှိ၊သီးနှံပေါ်ချိန်ဈေးကျတတ် |
| **အစိုးရမူဝါဒနှင့် အစီအစဉ်** | ရှိ | သီးနှံဈေးကွက်လယ်သမားများအတွက်အာမခံချက်ပေးနိုင်သောမူဝါဒမရှိသေး။ |
| **အခြား(၁)** | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)

စိုက်ပျိုးရေးသုံးပစ္စည်းများဈေးနှုန်းမြင့်မားခြင်း၊ အချို့စက်ပစ္စည်းများမှာ ဒေသနှင့်မကိုက်ညီ၍ သုံးစွဲရအဆင်မပြေဖြစ်၍ ဒေသနှင့်ကိုက်ညီသော လယ်သမားများအသုံးပြုနိုင်သော ပုံစံကိုရန်ကုန်မှ စက်ပစ္စည်းများဝယ်၍ ကျေးရွာတွင်းလယ်ယာသုံး ကိရိယာများပြင်ဆင်ပြီး၊ မြို့ဈေးထက် (၁၀%) လျော့ကာရောင်းချပေးပါသည်။ သဘာဝမြေဩဇာပြုလုပ်နည်းသိသော်လည်း မသုံးစွဲဘဲအလွယ်အကူဓာတ်မြေဩဇာများကိုသာ မှီခိုနေကြပါသည်။ အလုပ်သမားရှားပါးခြင်းကြောင့် စပါးများကောက်စိုက်စနစ်ဖြင့် မစိုက်၊ ကြဲပက်စိုက်ပျိုးခြင်းကိုသာ အများစုလုပ်ကိုင်ကြပါသည်။ စိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက်မှု အနည်းငယ်သာရှိပါသည်။

## ၂.၂.၂။ မွေးမြူရေးလုပ်ငန်း

### ၂.၂.၂.၁။ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ(အိမ်ထောင်စု)

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၃၆၇ | နွားကောင်ရေ(၁၅၇၇)ကောင်ရှိပြီးလယ်သမားများသာနွားပိုင်၊ သို့သော် လယ်ရှိသူအားလုံးနွားမရှိပါ၊ အချို့လယ်သမားများမှာ တကောင်သာ |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | မှတ်ချက်/အခြေအနေ |
|---|---|---|
| | | ရှိပြီး အခြားသူနှင့် တွဲပြီးလယ်လုပ်ရပါသည်။ အများအားဖြင့် စက်ကိုသာ သုံးများပါသည်။ |
| မြင်း | ၂ | အလှူပွဲများသာ ရှင်လောင်းလှည့် အငှားလိုက်ပါသည်။ အလှူတပွဲလျှင် တ ကောင်(၁၀၀၀၀)ကျပ်ရပါသည်။ |
| ကျွဲ | ၃ | ၆ကောင် |
| မြည်း | | |
| လား | | |
| ဆိတ် | ၅ | အကောင်ရေ(၁၅၀)ခန့် ရှိပါသည်။ |
| သိုး | | |
| ဝက် | ၃၀၀ | တအိမ်သားပေါက်ဝက်တကောင်၊ အသားတိုးဝက်အချို့(၂)ကောင်ခန့် တနိုင်တပိုင်ကို ဒေသဝက်မျိုးကိုသာ မွေးမြူကြပါသည်။ ဝက်ကောင်ရေ (၈၄၇)ကောင်ခန့်ရှိပါသည်။ |
| ကြက် | ၆၀၀ | ဒေသတိုင်းရင်းကြက်(၁၈၅၀)ကောင်ရှိ၊ ဒေသကြက်ကို အိမ်စားအဖြစ် တစ်အိမ်တစ်ကောင်၊ နှစ်ကောင်ခန့်မွေးမြူသောအလေ့အထရှိ၊ ငါးစီးပွား ဖြစ်မွေးမြူသူတစ်ဦးရှိ၊ မြေသားကန်ဘောင်ပေါ်စီပီအသားစားကြက်မွေး ပြီး ကန်ထဲတွင်ငါးမြစ်ချင်းအကောင်ရေ(၁၀၀၀၀)ခန့် မွေးမြူပါသည်။ |
| ဘဲ | ၁ | အကောင်(၃၅၀၀)ခန့်မွေးမြူ |
| အခြား | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | ၄ | စီးပွားဖြစ် အကြီးစားမွေးသူ(၁)ဦးသာရှိပြီး တနိုင်မွေးသူများသာရှိ၊ အချို့ ငါးကန်သည်ငါးသားပေါက်ကို ပျိုးထောင်ပြီး တနှစ်မွေးမြူပြီး ငါးအရွယ်အစား (၄/၅/၆)လက်မအရွယ်တွင် တဆင့်မွေးမြူသူထံ ပြန်လည်ရောင်းချခြင်း |
| ပုဇွန်ကန် | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)

## မွေးမြူရေးနှင့်ငါးလုပ်ငန်း

၂၀၁၅ခုနှစ်၊ ဇူလိုင်လ စစ်တမ်းအရ ခိုင်းနွားကောင်ရေ(၅၈)ကောင် ရှိပါသည်။ နို့စားနွား မွေးမြူခြင်းမရှိပါ ဝက်မွေးမြူရေးသည် အမြတ်အစွန်းရှိပြီး ဆင်းရဲသောအိမ်ထောင်စုများသည် ဝက်ငယ်တစ်ကောင်သာမွေးမြူရန် အရင်းအနှီးတတ်နိုင်ပါသည်။ ဒေသဝက်မျိုးကိုသာ သမရိုးကျ မွေးမြူကြပါသည်။ ဒေသဝက်မျိုး(၄၅)ရက်သား ဝက်ပေါက်တစ်ကောင်လျှင်(၅၀၀၀၀)ကျပ်ဖြင့် ကျေးရွာတွင်းနှင့် ရွာနားနီးအခြားရွာများမှ သားဖောက်ရောင်း၍ ဝက်သားပေါက်များ အလွယ်တကူ

ရနိုင်ပါသည်။ မိုးရာသီတွင် ဝက်နားရွက်ပြာ၊ ဆီးချုပ်ဝမ်းချုပ် ရောဂါဖြစ်ပါက ဈေးလျှော့၍ရသည့် ဈေးလောက်နှင့်ရောင်းရသည်များလည်း ရှိပါသည်။ ကျေးရွာမှဝက်မွေးသူများသည် တိမွေးကု ဆရာဝန်နှင့် ကာကွယ်ဆေးထိုးခြင်းများ အခါအားလျော်စွာဆောင်ရွက်ပါသည်။ (၈)လခန့်ထိ အစာကိုဖွဲနု၊ ပဲဖတ်များကျွေးရပြီး အစာဖိုးမှာ ခန့်မှန်းစုစုပေါင်း(၁၀၀၀၀၀)ကျပ်ဝန်းကျင် ကုန်ကျ ပါသည်။ ပြန်ရောင်းလျှင်(၂၀၀၀၀၀)ကျပ်ခန့်ရပြီး ကုန်ကျစရိတ်နှုတ်လျှင် ဒေသဝက်မျိုး ဖြစ်သော ကြောင့် အမြတ်ရမှုနည်းပါသည်။ စီးပွားဖြစ်ကြက်မွေးသော အိမ်ထောင်စု(၁)စုရှိပြီး အသားစား ကြက်ခြံတစ်ခြံ၊ အကောင်(၁၅၀၀)ခန့်မွေးမြူ၊ ကြက်သား ပေါက်တစ်ကောင် (၈၀၀)ကျပ်ဖြင့် ရန်ကုန် ထောက်ကြံ့မွေးမြူရေးခြံမှ ဝယ်ရပါသည်။ ဖွဲနု၊ ပဲဖတ် ကိုတစ်ရက်လျှင်(၂၀၀၀၀)ကျပ်ဖိုးခန့် ကျွေးရပါသည်။ (၄၅)ရက်သားထိ ကျွေးလျှင်(၃၅)သိန်းဖိုး ကုန်ကျစရိတ်ရှိပါသည်။ (၄၅)ရက်သား တွင် ပြန်ရောင်းပါက ရောဂါမဖြစ်လျှင် (တစ်ပိဿာခန့်ရှိပြီး) ပေါက်ဈေးအတိုင်း ရောင်းရအမြတ် အစွန်း ကျန်ပါသည်။ ကာကွယ်ဆေး၊ ပိုးသတ်ဆေးကို ကျေးရွာ တိမွေးကုဆရာနှင့်တိုင်ပင်၍ ဆောင်ရွက်ပါသည်။ လက်ရှိကြက်သားပေါက်ဈေးမှာ တပိဿာ(၄၀၀၀)ကျပ်ရှိပါသည်။ ဈေးနှုန်း အတက်အကျကိုလိုက်ပြီး ရန်ကုန်ပေါက်ဈေး အတိုင်းရောင်းနိုင်ပါသည်။ အမြတ်အစွန်းမှာလည်း ကြက်ခြံတစ်ခြံ တစ်သုတ်ရောင်းလျှင် သိန်း(၂၀)ခန့် အမြတ်ငွေရပါသည်။ အသားစားကြက်ကို ငါးကန်ပေါ်တင်မွေးလျှင်ပတ်ဝန်းကျင်ကိုလည်း အန္တရာယ်မရှိ၊ အနံ့မရှိပါ ။ကြက်ချေးမှာငါးစာအဖြစ် ရပါသည်။ သို့သော်လူတိုင်းစီးပွားဖြစ် အမြတ်အစွန်းရရန် အရင်းနှီးမတတ်နိုင်၍ အသားစားကြက် ကို ငါးကန်နှင့်တွဲဖက်၍ မမွေးနိုင်ပါ ။ ကျေးရွာသားအများစုမှာ တစ်နိုင်တစ်ပိုင်မွေးမြူရေးသာ ဆောင်ရွက်နိုင်ပါသည်။

**ငါးမွေးမြူရေး**

မောင်းမကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ(၄)ဦး ရှိပါသည်။ မောင်းမရွာသား တစ်ဦးမှာ ငါးကန်ဧကပေါင်း(၂၀)ခန့် ငါးမွေးမြူထားပါသည်။ ငါးကန်တစ်ဧကလျှင် ငါးဖြန်း (၁၀)ကျပ်သားမှ (၁၅)ကျပ်သားအရွယ် ငါးသားပေါက်ကောင်ရေ(၅၀၀၀)ခန့် ထည့်ရပါသည်။ (၁၀)ကျပ်သားမှ(၁၅)ကျပ်သား ငါးသားပေါက်တစ်ကောင်ကို(၂၀၀)ကျပ် ပေးရပါသည်။ ငါးများကို (၈)လကျော်ခန့်ထိ တစ်ခါထည့်လျှင်မွေးပါသည်။ ငါးကန်တစ်ကန်လျှင် တနေ့အစာဖိုး(၁၀၀၀၀) ကျပ် ကုန်ပါသည်။ ငါးများကိုကျွေးသော အစာများ၏ ဈေးနှုန်းများမှာ ပဲဖတ်တစ်ပိဿာ (၂၀၀၀) ကျပ်၊ ဖွဲနုတစ်တင်း(၁၈၀၀)ကျပ်နှင့် တစ်နေ့ပဲဖတ်(၃)ပိဿာ(၆၀၀၀)ကျပ်၊ ဖွဲနု(၂)တင်း (၄၀၀၀) ကျပ်ဖိုးကျွေးရပါသည်။ ငါးကြီးလာလျှင် ကြီးသလိုသေးလျှင်သေးသလို ကျွေးရပါသည်။ ငါးများ ငယ်သေးချိန်တွင် ကုန်ကျစရိတ်သက်သာ၍ ငါးကြီးလာလျှင် အစာဘိုးကုန်ကျစရိတ်ကြီးပါသည်။ မွေးမြူထားသောငါးများမှာ ငါးမြစ်ချင်း၊ ငါးတန်၊ တီလားဗီးယား၊ ငါးသိုင်းများမွေးပါသည်။ (၈)လအထိ ကုန်ကျစရိတ်စုစုပေါင်းဆိုလျှင် ငါးကန်တစ်ဧကသိန်း(၆၀)ခန့် ကုန်ပါသည်။ ငါးကန် တစ်ဧက(၈)လမွေးလျှင် ငါးတစ်ကောင်သည်(၇၀)ကျပ်သားမှ (၈၀)ကျပ်သားခန့်ထိ ကြီးပါသည်။ တစ်ဧကငါးပိဿာချိန် (၂၀၀၀)မှ(၃၀၀၀)ခန့် ထွက်ပါသည်။ ငါးကို ရန်ကုန်ဒိုင်ပေါက်ဈေးဖြင့် ရွာထိလည်းလာဝယ်ပြီး အချို့ရန်ကုန်ဒိုင်သွားရောင်းချသည်လည်း ရှိပါသည်။ ငါးတစ်ပိဿာ

(၁၈ဝဝဝ)ကျပ်မှ(၂ဝဝဝဝ)ကျပ်ရောင်းရပါသည်။ ငါးဖမ်းချိန်တွင်ငါးကန်တစ်ဧကေ အလုပ်သမား(၂ဝ) ခန့်ကို တစ်ယောက်လျှင် တစ်ရက်နေ့စား (၃၅ဝဝဝ)မှ(၄ဝဝဝဝ)ကျပ် လုပ်အားခပေးရပါသည်။ ငါးဆွဲခြင်းကို ကျေးရွာမှမလုပ်တတ်၍ အခြားရွာသားကိုတစ်လလျှင် စားရိတ်ငြိမ်း(၁)သိန်းပေး ခေါ်ရပါသည်။ ကုန်ကျစရိတ်စုစုပေါင်းနှုတ်ပြီး ငါးကန်တစ်ဧကေလျှင် အမြတ်စွန်းမှာ ငါးပေါက်ဈေး ပေါ်မူတည်၍(၂၅)သိန်းခန့် အမြတ်ရပါသည်။ ငါးမွေးမြူခြင်းလုပ်နိုင်ရန်အခွင့်အလမ်း ကျေးရွာတွင် ရှိသော်လည်း လူအင်အားနှင့် ကုန်စရိတ်ကြီးမြင့်သောကြောင့် လူတိုင်းမလုပ်နိုင်ပါ။ အချို့ငါးကန် သေးပိုင်ရှင်များသည် ငါးသားပေါက်လည်း ဖောက်ရောင်းပါသည်။ ငါးသားဖောက်လျှင် ငါးကန် တစ်ဧကေကိုငါးထီး(၁ဝ)ကောင်၊ ငါးမ(၅)ကောင်ထည့်ပြီး ငါးမှုန်အကောင် ပေါက်ဦးရေ သိန်း(၃ဝ)ခန့် ရရှိပြီး ငါး(၃)သိန်းခန့် ကျန်ပါသည်။ ငါးအရွယ်အစား(၃/၆/၇)လက်မ ရှိလာလျှင် ငါးသားပေါက် တစ်ကောင်(၁၅ဝ)ကျပ် ရောင်းရသည်။ အခြားရွာများမှလာဝယ်လျှင် တစ်ဦးငါးသားပေါက် ကောင် ရေ(၅ဝဝဝဝ)ခန့်ထိ ရောင်းရပါသည်။ တခါတရံအစာ ဈေးနှုန်းမြင့်ပြီး ငါးဈေးကျလျှင် အရင်း လောက်သာရသည်လည်း ကြုံရပါသည်။

## ၂.၂.၂.၂။ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများနှင့် စိန်ခေါ်မှုများ

ဇယား(၁၉)မောင်းမကျေးရွာ၏ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

| အခွင့်အလမ်း | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စားကျက်မြေ | စားကျက်မြေသီးသန့်မရှိသော်လည်းအိမ်ဝိုင်းတွင်းတနိုင်မွေးနိုင်၊လယ်ကွင်းထဲငါးကန်ပြု လုပ်ရနိုင်။ |
| ရေရရှိမှု | မြေအောက်ရေတူးရနိုင်(ရေချို) |
| တိရိစ္ဆာန်မျိုး | စီပီဝက်မျိုးနှင့် အသားစားကြက်မျိုးကို ထောက်ကြံ့မွေးမြူရေးခြံနှင့် ရန်ကုန်မှရနိုင်ပြီး ဒေသမျိုးများကို ရွာနားနီးမသားဖောက်၍ ရနိုင်၊ ငါးသားပေါက်များကို ရွာတွင်းရနိုင်။ |
| ချေးငွေ | ကျေးရွာတွင်းငွေတိုးချေးသူများရှိ |
| သွင်းအားစုဈေး ကွက် | ခရမ်းနှင့် ဖားဉကျေးရွာအစာဆိုင်မှ အလွယ်တကူဝယ်နိုင်၊ ဈေးနှင့်နီး |
| ဝန်ဆောင်မှုဈေး ကွက် | ကျေးရွာတွင် တိမွေးကုရှိကာကွယ်ဆေး၊ ရောဂါဖြစ်လျှင် အလွယ်တကူခေါ်နိုင် |
| ထုတ်ကုန်ရောင်း ဝယ်မှု | ရွာထိပွဲစားများလာရောက်ဝယ်၊ ခရမ်း၊ဖားဉ၊ရန်ကုန်တက်ပြီးရောင်း။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာရှိမှု | တနိုင်တပိုင်မွေးမြူရေးလုပ်နိုင်သော မြေကွက်လပ်အိမ်ဝိုင်းအတွင်းရှိ |
| အခြား(၁) | မြေယာမဲ့ကျပန်းလုပ်သားများ တနိုင်တပိုင်မွေးမြူရေးလုပ် |
| အခြား(၂) | ငါးကန်တိုးချဲ့ရန်မြေနေရာများရှိ၊ |
| အခြား(၃) | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂ဝ၁၅)ခုနှစ်

### ၂.၂.၂.၃။ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

| ပြဿနာနှင့်အခက်အခဲ စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေလက်လှမ်းမီ မှု | သမနှင့်စိုက်ဘဏ်ချေးငွေရှိ၊မြေယာမဲ့များချေးမရ၊ လယ်ရှိမှချေးရ၊ ငွေတိုးချေးသူမှာလည်း ယုံကြည်သူသာချေး။ငါးမွေးမြူရေးအတွက် သီးသန့်ချေးငွေမရရှိခြင်း |
| ကူးစက်ရောဂါဖြစ်ပွားမှု | တိရိစ္ဆာန်ကျန်းမာရေး အသိပညာနည်းပါးခြင်း၊ အချို့ကာကွယ်ဆေးမသုံးခြင်းတို့ကြောင့် မိမိရွာတွင်းပတ်ဝန်းကျင်ရွာများမှ ရောဂါကျရောက်ပါက ရောင်းချိန်မရောက်မီရသလောက်ဈေးနှင့်ရောင်းရ |
| သွင်းအားစုဈေးကွက် | တိရိစ္ဆာန်အစာအလွယ်အကူဝယ်နိုင်သော်လည်းဈေးနှုန်းမြင့် |
| ဝန်ဆောင်မှုဈေးကွက် | တိရိစ္ဆာန်ကာကွယ်ဆေးထိုးပေးသူရှိသော်လည်း ကျွမ်းကျင်သူမဟုတ်၊ အရပ်ဆေးကုသူဖြစ်။ |
| ထုတ်ကုန်ရောင်းဝယ်မှု ဈေးကွက် | ရွာတွင်းရောင်းနိုင်သော်လည်းဈေးနိမ့်၊ အခြားရွာမှာ ရောဂါကျရောက်သံကြားပါက ဝယ်သူမရှိ၊ ဝယ်ပါကလည်းပေါက်ဈေးတဝက်ခန့် နိမ့်ရောင်းရ |
| မွေးမြူရေးနှင့်ကုသရေး ဆိုင်ရာဗဟုသုတ | တိရိစ္ဆာန်မွေးမြူခြင်း၊ ကုသခြင်းဗဟုသုတများမြို့နှင့်နီး၍သိ။ |
| စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများအတွက် လိုင်စင်လက်လှမ်းမီ မှု | စီးပွားကြက်နှင့် ငါးမွေးသူများလိုင်စင်ဆောင်ရ။ |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့်လက်လှမ်းမီမှု | |
| ငါးဖမ်းခွင့် | |
| ကုန်ကျစရိတ်မြင့်မားမှု | |
| အရင်းအနှီးလက်လှမ်းမီမှု | ငါးလုပ်ငန်းအတွက်အရင်းအနှီး လက်လှမ်းမီမှုမရှိ |
| အခြား | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၂.၃။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

### ၂.၂.၃.၁။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၁) မောင်းမကျေးရွာ၏ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့်သဘာဝအရင်းအမြစ်များထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | | | လတ် |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း | ၅၃ | | | လတ် |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများပြင်ဆင်ရေး | ၂ | | | နိမ့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီ ယာ၊ သင်တန်းပေးသူ) | ၄ | | | လတ် |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၄ | | | လတ် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့်ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | |
| ၁၃ | ပညာရေး | | | | |
| ၁၄ | ကျန်းမာရေး | | | | |
| ၁၅ | လူမှုရေးလုပ်ငန်းများ | | | | |

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်းအရေအတွက် | ဝန်ထမ်း / အလုပ်သမားအရေအတွက် | မိသားစုဝင်လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊ မြင့်) နှင့်ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၆ | အခြားအငှားလိုက်လုပ်ငန်းများ | | ၂၀၂ | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | ၇၄ | | | |

**အထက်ပါတို့တွင်**

- **လုပ်ငန်းတည်ထောင်လုပ်ကိုင်သူဦးရေ ၇၄**
- **ကျွမ်းကျင်လုပ်သားဦးရေ ၆**
- **သာမန်နေ့စားလုပ်သားဦးရေ ၂၀၂**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော အခြားသတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာလူငယ်အများစုမှာ ရန်ကုန်မြို့သို့တက်၍ လက်သမား၊ ပန်းရံ၊ အထည်ချုပ်စက်ရုံ၊ ပုလဲနှင့်ငါး စည်သွတ်ဗူးစက်ရုံသို့ နေ့စား၊ လခစားဖြင့် သွားရောက်လုပ်ကိုင်ကြပါသည်။ ပန်းရံ၊ လက်သမားအဖွဲ့ တစ်ဖွဲ့လျှင်(၇ယောက်မှ၁၂)ကြားရှိပြီး ဆရာတစ်ယောက်ရှိပါသည်။ ပန်းရံဆရာ တစ်ယောက် နေ့စား လုပ်အားခမှာ(၇၀၀၀)ကျပ် ခန့်နှင့်နောက်လိုက်တစ်ယောက်လုပ်အားခမှာ (၅၀၀၀)ကျပ်ခန့် ရပါသည်။ စက်ရုံလခစားတစ်ဦးဝင်ငွေမှာ တစ်လလျှင် (၆၀၀၀၀မှ ၁၅၀၀၀၀)ကျပ်ခန့် ဝန်းကျင်ရပါသည်။ ရန်ကုန်မြို့နှင့်နီး၍ လယ်ယာလုပ်ငန်းခွင်ထက် ဝင်ငွေပိုရသော အလုပ်များသာ သွားရောက်လုပ်ကိုင်ကြပါသည်။

## ၂.၂.၃.၂။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| အလုပ်အကိုင်အခွင့်လမ်းပေါသော ရန်ကုန်မြို့နှင့်နီး၍နေ့စား၊လခစား အလုပ်များလုပ်နိုင် | လုပ်ခလစာနှင့်အလုပ်ချိန်မမျှ(လစာအခြေခံ၆၀၀၀၀မှ၁၅၀၀၀၀ ကျပ်ထိရ၊ အလုပ်ချိန်မှာမနက်၆နာရီမှညနေ၉နာရီဝန်းကျင်ခန့်ထိ လုပ်ရ၊ ကျန်းမာရေးနှင့်ပတ်သက်သော ခံစားခွင့်မရရှိ၊ တခုခုဖြစ်၍ အလုပ်မဆင်းနိုင်လျှင်အလုပ်ထုတ်ခံရပါသည်။ |
| ဘွဲ့ရပညာတတ်များရှိ | အလုပ်ရရန်အဆက်သွယ်မတတ်ခြင်း၊ |
| တပိုင်တနိုင်မွေးမြူရေးလုပ်နိုင် | လိုအပ်သောသွင်းအားစုနှင့်အရင်းနှီးမတတ်နိုင်။ |

| အခွင့်အလမ်းများ | ပြဿနာနှင့်အခက်အခဲများ |
|---|---|
| ဆိုင်ကယ်ရှိသူတက္ကဆီဆွဲနိုင် | မောင်းမကျေးရွာနှင့် ဖား၃၊ ခရမ်းမြို့ ဆိုင်ကယ်ကယ်ရီဆွဲနိုင်၊ သို့သော် နေ့စဉ် မိသားစုစားလောက်အောင် ဝင်ငွေမရပါ။ |
| ခရမ်းသွားနေ့စားလုပ်နိုင် | လုပ်အားခနှင့်အသွားအပြန်မကိုက်ပါ။ |
| ကျေးရွာတွင်းလက်မှုပညာဆံပင်ညှပ်အလှပြင်ဆိုင်၊အထည်ချုပ်လုပ်ငန်းများ လုပ်နိုင်။ | လိုအပ်သောအရင်းနှီးနှင့်ကျွမ်းကျင်သောနည်းပညာရရှိရန်လိုအပ်။ လုပ်ငန်းနှင့်ပတ်သက်သောချိတ်ဆက်မှုများမထိုးဖောက်နိုင်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၄ရက်၊ ၈လ၊ ၂၀၁၅ခုနှစ်)ခုနှစ်

ကျေးရွာကျပန်းလုပ်သူများ တဖက်တလမ်းမှဝင်ငွေရရှိရန် တစ်ပိုင်တစ်နိုင်မွေးမြူရေးအပြင် အခြား လက်မှုပညာများ ကျွမ်းကျင်ပါက ဝင်ငွေရနိုင်။ လက်မှုပညာများမှာ အထည်ချုပ်လုပ်ငန်း၊ ဆံပင်မိတ်ကပ် အလှပြင်လုပ်ငန်းများ ကျွမ်းကျင်အဆင့်ရှိရန်နှင့် ချိတ်ဆက်နိုင်ပါက ကျေးရွာတွင် လုပ်ငန်းကြီးတစ်ခု တည်ထောင်နိုင်ပါသည်။ ယခုလက်ရှိတွင် စက်ချုပ်နည်းပြများမှ သင်တန်းပေး နေပြီးသင်တန်းသား(၂၅)ဦးနှင့် ဆံပင်မိတ်ကပ်အလှပြင်ဆိုင်တစ်ဆိုင်သာရှိ၍ အလှူ၊ မင်္ဂလာပွဲများ ရှိပါက တစ်ဦးအလှပြင်ဆင်ခငွေ (၁၀၀၀၀)ကျပ်ဖြင့် ဝန်ဆောင်မှုပေးပါသည်။ ရွာပြင်နယ်လိုက် ဝန်ဆောင်မှုအလှပြင်ဆင်ခ(၂၀၀၀၀)ကျပ်ဖြစ်ပါသည်။

## ၂.၃။ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်

ဇယား(၂၃) မောင်းမကျေးရွာ၏ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှုအခြေအနေ

| ဈေးကွက်လက်လှမ်းမီ မှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် |
|---|---|---|
| ရွာမှအကွာအဝေး(ကီလိုမီတာ) | ၁၁မိုင်(ခရမ်းမြို့) | ၂၅မိုင်(ရန်ကုန်မြို့) |
| သယ်ယူပို့ဆောင်ရေးလမ်းကြောင်းင်နှင့်၎င်း၏အထောက်အပံ့များ | ကား၊ဆိုင်ကယ် | ကား၊လိုင်းကား |
| ကုန်စည်အမျိုးအစားနှင့်ဝန်ဆောင်ပေးနိုင်မှု | အစားအစာ၊အဝတ်အစား၊ လူသုံးကုန်၊အိမ်ဆောက်ပစ္စည်းစုံ | လူသုံးကုန်၊အိမ်ဆောက်ပစ္စည်း၊ အဝတ်အစား၊စာရေးကိရိယာ၊ အားလုံးရနိုင် |
| ဈေးအခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှု | အသင့်အတင့် | အလွန်ကောင်းတိုက်ခံ၊သွပ်မိုး၊အုတ်နံရံကာခြင်း |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ရန်ကုန်မြို့ကြီးနှင့်နီး၊ နေ့ချင်းပြန်သွားနိုင်ပြီး လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး ကောင်းသောကြောင့် ကျေးရွာသားများအနေဖြင့် ၎င်းတို့၏ ကုန်စည်ဝန်ဆောင်မှုနှင့် လုပ်သားများ အတွက် အလွယ်တကူလက်လှမ်းမီ နိုင်ပါသည်။

## ၂.၄။ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၄) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| ချေးငွေရရှိနိုင်သည့်နေရာ | ငွေကြေးဝန်ဆောင်မှု အမျိုးအစား | ပြန်လည်ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း | အပေါင်ခံပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | ချေးငွေ | (၆)လ | (၅)% (တစ်နှစ်) | မလို | အချိန်အကန့်သတ်ဖြင့် ထုတ်ချေး |
| သမဝါ ယမ ချေးငွေဝန်ဆောင်မှုကဏ္ဍ | ချေးငွေ | (၆)လ | (၁၁.၅)% (တစ်နှစ်) | မလို | အချိန်အကန့်သတ်ဖြင့် ထုတ်ချေး |
| ငွေတိုးပေးသူ | ချေးငွေ | (၃)လ | (၅/၁၀)% တစ်လ | | လူယုံကြည်မှသာချေး |
| အပေါင်ဆိုင် | ချေးငွေ | တနှစ် | ၃% (ရွှေပေါင်) တစ်လ | လို | ပစ္စည်းရှိမှ သာငွေချေး |
| မိတ်ဆွေနှင့် ဆွေမျိုးများ | ချေးငွေ | (၃/၆) လ | ၅% တစ်လ | မလို | အချိန်တိုင်းမရ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)

### မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

လယ်သမားများခရမ်းမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ စပါးသီးနှံ တစ်ဧကလျှင်(၁၀၀၀၀၀)ကျပ်နှုန်းဖြင့် ဧကအလိုက်စပါးစိုက်ပျိုးရန် ထုတ်ချေးပါသည်။ အများဆုံး တောင်သူတစ်ဦးပိုင်သော ဧကများအနက်မှာ(၁၀)ဧကသာ ချေးငွေရပါသည်။ ယခုလက်ရှိ စိုက်ပျိုးရေးဘဏ်မ ှချေးထားသူ(၄၂၈)ဦးရှိပြီး မိုးစပါး စိုက်ပျိုးသောဧကမှာ(၃၅၆၅)ဧကတွင် မောင်းမရွာကွင်းပိုင် (၂၉၀၀)ဧကရှိပါသည်။ လယ်သမားတစ်ဦးလျှင် ဆယ်ဧကအတွက် ဆယ်သိန်းကျပ်ထက်ပိုချေးမရပါ။ ဘဏ်ချေးငွေမှာ ချေးငွေကာလ(၆)လသတ်မှတ်ထားပြီး ပြန်ဆပ်ကာလရောက်၍ချေးငွေမကျေပါ က နောက်ဆောင်းသီးနှံနှင့် နွေစပါးစိုက်ချိန်မှီထုတ်မချေးပါ ။ မိုးစပါးချေးငွေတစ်ဦးအကြေမဆပ်ပါက နောက်သီးနှံအတွက် ချေးငွေထုတ်ပေးရန် နှောင့်နှေးပါသည်။ ထွက်ရှိသောသီးနှံကို ဈေးကောင်းမစောင့်နိုင်၊ ရောင်း၍ဆပ်ကြရပါသည်။ လက်ရှိစိုက်ဘဏ်အတိုးနှုန်းမှာ တစ်နှစ်လျှင်(၄.၂%)ဖြစ်ပြီး တောင်သူလယ်သမားများအတွက် ရာသီချိန်သီးနှံစိုက်ပျိုးရန် အချိန်မှီဖြည့်ဆည်းပေးမည်ဆိုပါက သီးနှံများစိုက်ပျိုးရာတွင် ပို၍နိုင်ပါသည်။ စိုက်စရိတ်ချေးငွေစည်းကမ်းအရ သီးနှံရိတ်သိမ်းပြီးပြန်ဆပ်ရ၍ ၎င်းကာလကိုတောင်သူများအတွက် အချိန်အနည်းငယ်သိုလှောင်ထားနိုင်ရန် စောင့်ဆိုင်းပေးပြီး အချိန်တိုးပေးနိုင်ပါက ပို၍အဆင်ပြေပါမည်။

ဆောင်းသီးနှံကို လယ်ဧက (၂၅၀၀)ဧကခန့် ပဲတီစိမ်း သီးထပ်စိုက်ပျိုးပါသည်။ ပဲတီစိမ်းစိုက်ပျိုးရန် ချေးငွေတစ်ဧက(၂၀၀၀၀)ကျပ်နှုန်းဖြင့် မိုးစပါးသီးနှံ ချေးငွေအကျေဆပ်ပြီးသူများကိုသာ ပြန်လည် ချေးပါသည်။(၁၀)ဧကအများဆုံး ထုတ်ချေးပေးပါသည်။ မိုးသီးနှံပြန်ဆပ်ကာလ နောက်ကျပါက ဆောင်းသီးနှံချေးငွေ နောက်ကျပါသည်။

**ကျေးရွာသမဝါယမချေးငွေ**

မြို့နယ်သမဝါယမဦးဌာနအနေဖြင့် မောင်းမကျေးရွာသို့ ကော်မတီခေါင်းဆောင်(၅)ဦး အပါ အဝင် အဖွဲ့ဝင်(၃၉၁)ဦးအား ၂၀၁၃ခုနှစ်မှ စတင်၍တစ်ဦးလျှင် ပထမအရစ်အဖြစ် (၂၁၉)ဦးအား (၁၀၀၀၀၀) ကျပ်ထုတ်ချေးကာ စုငွေအဖြစ်(၅၀၀၀)နှုတ်၍ တစ်ဦးလျှင်(၉၅၀၀၀)ကျပ် ထုတ်ချေး ပါသည်။ ဒုတိယအရစ်တွင်(၁၂၂)ဦးနှင့် တတိယအရစ်တွင် အဖွဲ့ဝင်(၅၀)ကို တစ်ဦးလျှင် (၂၀၀၀၀၀)ကျပ် ချေးပါသည်။ အတိုးနှုန်းမှာ တနှစ်ကို(၁၁.၅%)နှင့် ချေးငွေကာလမှာ(၆)လ သတ်မှတ်ပြီး ချေးငွေ၏(၁၀%)ကို ပြန်စုရပါသည်။ စုငွေနှင့်ထုတ်ပေးငွေပေါင်းပြီး ချေးငွေ သတ်မှတ်ကာစုငွေ၏အတိုးကိုတစ်နှစ်ကြာလျှင် ပြန်ထုတ်ပေးပါသည်။ ယခုနောက်ဆုံးသမဝါယမ ချေးငွေ ၂၀၁၅ခုနှစ်တွင် မြေယာမဲ့လက်လုပ်လက်စား အဖွဲ့ဝင်ဦးရေ(၁၀၀)ကို အဖွဲ့ဝင်ကြေး (၅၀၀၀)ကျပ် ပေးသွင်းစေပြီး တစ်ဦးလျှင်(၁၀၀၀၀၀)ကျပ်ဖြင့် စတင်ချေးပါသည်။ ဒုတိယအကြိမ်မှ စ၍ စုငွေထည့်ဝင်ရကာအဖွဲ့ဝင်(၅)ဦးကို ဝိုင်းကြီးချုပ်စနစ်ဖြင့် ထားပါသည်။ စုငွေအပေါ်(၁)ကျပ် တိုးပြန်ပေးကာ ချေးငွေကာလမှာ(၆)လဖြစ်ပြီး အတိုးနှုန်းမှာတနှစ် (၁၁.၅)ကျပ်နှုန်းဖြင့် ယခုထိ အဖွဲ့ဝင်(၄၉၁)ဦးရှိပါသည်။ အသင်းသားတစ်ဦး ချေးငွေပြန်ကျေအောင် မဆပ်နိုင်လျှင် အသင်းသား အားလုံးမှ တာဝန်ယူဆပ်ရန် စည်းကမ်းချထားပါသည်။အသင်းသားများမှ ချေးငွေပြန်ဆပ်ချိန်တွင် ခရမ်းမြို့နယ်အသင်းစု သမဝါယမသို့ သွားရောက်ပေးဆပ်ရပါသည်။ ယခုသမအသင်းစုနှင့် မန္တလေး သက်တန့်ရောင်ကုမ္ပဏီတို့ ချိတ်ဆက်ကာ မောင်းမသမဝါယမချေးငွေအဖွဲ့အား လယ်ယာသုံး ကိရိယာများ အရစ်ကျနှင့်ရောင်းချပေးကာ ဓာတ်မြေသြဇာကို (၆)လဆိုင်းတစ်အိတ်လျှင် (၂၇၅၀၀)ကျပ်နှင့် ရန်ကုန်အရောက်ပို့ပေးပါသည်။ ရန်ကုန်နှင့်ကျေးရွာမှ ခရီးစရိတ်သာကျခံရ ပါသည်။ ရိတ်ခြွေစက်တစ်စီးလျှင် သိန်း(၃၅၀)နှင့် တစ်ဘီးထွန်စက် တစ်စီးလျှင်(၅)သိန်းနှင့်(၈)စီး၊ ထရပ်ကား တစီးလျှင် သိန်း(၁၉၀)နှင့်(၂)စီး၊ အဆိုပါပစ္စည်းအားလုံး၏(၂၀%)စတင် သွင်းရကာ (၆)လတစ်ကြိမ် (၁.၁၅%)တိုးနှင့် (၃)နှစ်အတွင်းအကျေဆပ်ရကာ ကျေးရွာပိုင်အဖြစ် မောင်းမ ကျေးရွာအား စတင် ရောင်းချပေးပါသည်။

## ၂.၅။ သဘာဝဘေးအန္တရာယ်လျှော့ချခြင်းအပါအဝင် ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု

### ၂.၅.၁။သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီဩဇာကြွယ်ဝမှု | အလယ်အလတ် | ဓာတ်မြေဩဇာများအလွန်မသုံးသော်လည်း သဘာဝမြေဩဇာပြုလုပ်မသုံးဖြစ်။ |
| အပင်မျိုးစိတ်များ | မြင့်မား | မျိုးကောင်းမျိုးသန့်သီးသန့်မဟုတ်ဘဲ မိမိလယ်ထွက်စပါး၊ ပဲတီစိမ်းကိုသာ မျိုးထားနိုင်နှစ်စဉ်ထပ်သုံးနေရ။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်မှု | မြင့်မား | ဓာတုပိုးသတ်ဆေးများအပေါ်အလွယ်တကူမှီခိုလွန်းခြင်း၊ စိုက်ပျိုးရေးဗဟုသုတနည်းခြင်း |
| ရေအရင်းအမြစ် | နည်း | သောက်သုံးရေကို ရွာတွင်းရေကန်(၉)ကန်မှ သုံးရေပြတ်သည့်ကာလတနှစ်မှမကြုံဘူးသေးပါ။ |
| ငါးမျိုးကွဲများ | အလယ်အလတ် | ငါးကန်ပတ်ဝန်းကျင်မှလယ်များပိုးသတ်ဆေးဖြန်းလျှင်အန္တရာယ်ရှိနိုင်။ ဘက်ထရီလျှော့တိုက်ငါးဖမ်းခြင်း |
| အခြားတိရိစ္ဆာန်မျိုးကွဲများ | | |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | နည်း | ရွာတွင်းတိရိစ္ဆာန်များစီးပွားဖြစ်မမွေးကြပါ။စီးပွားဖြစ်မွေးမြူသူများမှာ ရွာပြင်ထွက်မွေးပါသည်။ အမှိုက်များလည်းစနစ်တကျ စွန့်ပြစ်၍ သန့်ရှင်းကာစံပြကျေးရွာအဆင့်မှီပါသည်။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသောသတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

### ၂.၅.၂။ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

ဇယား (၂၆) သဘာဝဘေးအန္တရာယ်လျှော့ချခြင်း

| အမျိုးအစား | အန္တရာယ်ဖြစ်နိုင်ခြေ (နည်း/လတ်/များ) | ဖော်ပြချက်/ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ်လျှော့ချရေးအလေ့အကျင့်များ |
|---|---|---|---|
| ရေလွှမ်းမိုးခြင်း | နည်း | ချောင်း၊မြစ်နှင့်ဝေး၍ ရေလွှမ်းမိုးနိုင်ခြေမရှိပါ။ တနှစ်သာကုလားမတံတားရေလျှံ၍ရွာတွင်းရေရောက်ဘူးပါသည်။ | ရေဒီယိုသတင်းနားထောင်ခြင်း၊ရုပ်မြင်သံကြားသတင်းနားထောင် |
| မီးဘေး | နည်း | ရွာတွင်းအစိုဓာတ်များ၊လျှပ်စစ်မီးသုံးစွဲ | နွေရာသီမီးသတိပေးလုပ်ငန်းများကြိုတင်ကာကွယ်ရေးလုပ်ငန်းများလုပ် |
| မုန်တိုင်း | ဖြစ်နိုင်ခြေနည်း | မခန့်မှန်းနိုင်ပါ။ အခါအားလျော်စွာဖြစ်နိုင်။ ယခုနှစ် လေဆင်နှာမောင်း (၃) ကြိမ်တိုက်ပါသည်။ | ရေဒီယိုသတင်းနားထောင် |

| အမျိုးအစား | အန္တရာယ် ဖြစ်နိုင်ခြေ (နည်း/လတ်/များ) | ဖော်ပြချက်/ ရှင်းလင်းချက် | လက်ရှိဘေးအန္တရာယ် လျှော့ချရေး အလေ့အကျင့်များ |
|---|---|---|---|
| ငလျှင် | ဖြစ်နိုင်ခြေနည်း | ငလျှင်ကြောနှင့်မနီးပါ | |
| မိုးခေါင်ခြင်း | ဖြစ်နိုင်ခြေနည်း | မကြုံဘူးသေးပါ။ | |
| အအေးလှိုင်း | ဖြစ်နိုင်ခြေနည်း | ထူးထူးခြားခြားမဖြစ်ဘူးပါ | – |
| ပဋိပက္ခ | –– | – | – |
| တိရိစ္ဆာန် ရောဂါဖြစ်ပွါးမှု | ဖြစ်နိုင်ခြေများ | ဝက်၊အသားစားကြက်များ မိုးရာသီမိုးများပြီးရောဂါကျလျှင် ဆိုးဆိုးရွားရွားဖြစ်တတ် (ဝက်နားရွက်ပြာ၊ ကြက်ဝမ်းကျ) | ကြိုတင်ကာကွယ်ဆေးထိုး၊ စီးပွားဖြစ်မွေးသူများမှ တိမွေးကုမှအသိပညာပေး |
| လူရောဂါဖြစ် ပွါးမှု | ဖြစ်နိုင်ခြေနည်း | မိုးရာသီတုပ်ကွေးရောဂါတခါတရံဖြစ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၆။ ပညာရေး

### ၂.၆.၁။ပညာတတ်မြောက်မှု

ဇယား (၂၇) မောင်းမကျေးရွာ၏ပညာရေးနှင့်စာတတ်မြောက်မှု

| ပညာရေး | ကျား | မ | ပေါင်း | ၉နှစ်နှင့်အထက်၊ ကျောင်းနေလူဦးရေ၏ % |
|---|---|---|---|---|
| လုံးဝကျောင်းမနေသူများ | | | | |
| ဘာသာရေးအခြေပြုပညာရေး | ၃၀ | ၄၂ | ၇၂ | ၃% |
| မူလတန်းပညာရေးပြီးဆုံးသူများ | ၈၂၉ | ၈၉၅ | ၁၇၂၄ | ၇၁.၁% |
| အလယ်တန်းပညာရေးပြီး ဆုံးသူများ | ၂၁၁ | ၂၀၂ | ၄၁၃ | ၁၇% |
| အထက်တန်းပညာရေးပြီး ဆုံးသူများ | ၆၀ | ၅၁ | ၁၁၁ | ၄.၅% |
| တက္ကသိုလ်ပညာပြီးဆုံးသူများ | ၆၈ | ၃၈ | ၁၀၆ | ၄.၄% |
| ၉ နှစ်အထက်လူဦးရေပေါင်း | ၁၁၉၈ | ၁၂၂၈ | ၂၄၂၆ | ၁၀၀ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ ( ၁၄ရက်၊ ၈လ၊ ၂၀၁၅ခုနှစ်)ခုနှစ်

စာတတ်မြောက်မှုဆိုလျှင် လူတိုင်းနီးပါးစာဖတ်တတ်ကြပါသည်။ အားလုံးအခြေခံ တတ်မြောက်ကြပါသည်။ ယခုလက်ရှိကျေးရွာတွင် အမျိုးသား(၁၁)ဦး၊ အမျိုးသမီး(၃၀)ဦး တက္ကသိုလ်ပညာသင်ကြားနေပါသည်။

**ကျောင်းတက်နှုန်း**

ဇယား (၂၈) မောင်းမကျေးရွာ၏ ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း | စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ % |
|---|---|---|---|---|
| မူလတန်း(၅-၉နှစ်) | ၁၈၃ | ၁၇၈ | ၃၆၁ | |
| အလယ်တန်း (၁၀-၁၄နှစ်) | ၂၈၀ | ၂၄၈ | ၅၂၈ | |
| အထက်တန်း(၁၅-၁၆နှစ်ကြား) | ၇၉ | ၉၄ | ၁၇၃ | |
| တက္ကသိုလ်ကျောင်းသား၊သူ | ၁၁ | ၃၀ | ၄၁ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာတွင် အထက်တန်းကျောင်း ရှိပါသည်။ လူတိုင်းနီးပါး စာဖတ်တတ်ပါသည်။ မောင်းမကျေးရွာမှ တက္ကသိုလ်တက်နေသူ အမျိုးသား၁၁ဦး၊ အမျိုးသမီး(၃၀)ခန့် ရှိပါသည်။ မူလတန်းမှအထက်တန်းထိ ကျောင်းသားပေါင်း(၁၀၆၂)ဦး ရှိပါသည်။ ဆရာ၊ဆရာမ စုစုပေါင်း (၃၅)ဦးရှိပါသည်။ ကျေးရွာထောက်ပံ့မှုအားကောင်းသဖြင့် ပညာရေးစနစ်မှာ အတော်ကောင်းပါသည်။ ယခုနှစ်(၁၀)တန်းအောင်ချက် ရာခိုင်နှုန်းမှာ(၂၉.၂၈%) ခရမ်းတစ်မြို့နယ်လုံး အဆင့်(၅) ရရှိပါသည်။ ၂၀၁၃ခုနှစ်က ရန်ကုန်တိုင်းတစ်တိုင်းလုံး အောင်ချက်အကောင်းဆုံး ပထမဆုကို မောင်းမကျောင်းမှရရှိခဲ့ပါသည်။ ဆရာ၊ဆရာမ များသင်ကြားမှု၊ အုပ်ချုပ်မှု၊ မိဘဆရာအသင်း ကြီးကြပ်ကွပ်ကဲစီမံမှုကောင်း၍ အကောင်းဆုံးကျောင်းဆုရခဲ့ပါသည်။ မိဘဆရာ၊ ကျောင်းကော်မတီမှာလည်း နှစ်စဉ်ကျောင်းစာထူးချွန်သော ကလေးများပညာရည်ချွန်ဆုပေးပွဲကျင်းပခြင်း၊ ကျောင်းနေရွယ် ကလေးတိုင်း ကျောင်းစာသင်နိုင်အောင် စီမံဆောင်ရွက်ပေးပါသည်။ ကျေးရွာတွင် ကလေးမိဘတိုင်းပညာရေးအားပေးပြီး ရွာနားနီး(၆)ရွာမှလည်း မောင်းမကျောင်းကို ခရမ်းမြို့အထက်တန်းကျောင်းထက်ပို၍ အားထားပါသည်။

### ၂.၆.၂။စာသင်ကျောင်းဆောင်အခြေအနေနှင့် လက်လှမ်းမီ မှု

ဇယား (၂၉) မောင်းမကျေးရွာ၏ စာသင်ကျောင်းဆောင်အခြေအနေနှင့်လက်လှမ်းမီ မှု

| အကြောင်းအရာ | မူလတန်းကျောင်း | အလယ်တန်းကျောင်း |
|---|---|---|
| ရွာမှအကွာအဝေး (ကီလိုမီတာ) | ရွာတွင်း | ရွာတွင်း |
| သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှု | ခြေလျင် | ခြေလျင် |
| စာသင်ကျောင်းအရွယ်အစား (အလျား၊ အနံ၊အမြင့်) | ကျောင်းဆောင်၉၀×၃၀×၁၂ (၁)ဆောင်ရှိ | အလျား၊အနံ၊အမြင့်(၉၀×၃၀×၁၂) ပေကျောင်းဆောင်ဆောင်(၆)ဆောင် ရှိ |
| အမိုး၊နံရံ၊အခင်း အရည်အသွေး | ကောင်း(သွပ်မိုး၊အုတ်ကာ၊အုတ်ခင်း) | သင့် |
| ကျောင်းသုံးပရိဘောဂ (လုံလောက်မှုရှိ/မရှိ) | မရှိ | မလုံလောက် |

| အကြောင်းအရာ | မူလတန်းကျောင်း | | | အလယ်တန်းကျောင်း | | |
|---|---|---|---|---|---|---|
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| | ၂ | ၁၁ | ၂၀ | | **၁၄** | **၁၄** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅) ခုနှစ်

တိုးချဲ့စာသင်ကျောင်းဆောင်မှာ ၂၀၁၃–၂၀၁၄ ပညာသင်နှစ်တွင် ထပ်မံဆောက်လုပ်ထားခြင်း ဖြစ်ပါ သည်။သို့သော်ကျောင်းသုံးပရိဘောဂစာသင်ခုံ၊ ထိုင်ခုံလုံလောက်မှုမရှိသေးပါ။

## ၂.၆.၃။ ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား (၃၀) ပညာရေးနှင့်ပြဿနာများ

| အခက်အခဲ/ ပြဿနာ | ရှင်းလင်းချက် |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | မူလတန်းကျောင်းတွင် ဆရာ(၂)ဦး၊ ဆရာမ(၁၁)ဦး ပေါင်း(၁၃)ဦး |
| ဆရာ -တပည့်အချိုး | ၂၇ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | မရှိ |
| မသန်စွမ်းသူများအတွက် ပညာရေးအထူးအစီအစဉ် | မရှိ |
| ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာ | လုံလောက်မှုမရှိ၊ ကျောင်းဖွင့်ရာသီစ အလှူရှင်များစာအုပ်နှင့် စာရေးကရိယာထောက်ပံ့ခြင်းရှိ |
| ဆင်းရဲသောမိသားစုများ အတွက်ကျောင်းစရိတ်မတတ်နိုင်မှု | ကျောင်းနေရွယ်ကလေးတိုင်းကျောင်းထား၊ ကျောင်းဖွင့်ရာသီကျောင်းအပ်ခ ငွေကြေးများ မကောက်ခံသောကြောင့် ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ်အခက်အခဲမရှိ၊ |
| မိဘဆရာအသင်း၏အခန်း ကဏ္ဍ | မိဘဆရာအသင်းကျောင်းကော်မတီမှ နှစ်စဉ်နှစ်ပတ်လည်ပညာရည်ချွန်ဆုပေးပွဲ ကျင်းပပေး။ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၇။ ကျန်းမာရေးနှင့်အာဟာရ

### ၂.၇.၁။ အဖြစ်များသောရောဂါများ

ဇယား (၃၁) မောင်းမကျေးရွာတွင်အဖြစ်များသောရောဂါများ

| | | | |
|---|---|---|---|
| ၁.ရာသီတုတ်ကွေးဖျား | ၂.လေဖြတ် | ၃. | ၄. |
| ၅. | ၆. | ၇. | ၈. |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးခန်းများ)

ဇယား (၃၂) မောင်းမကျေးရွာ ၏ကျန်းမာရေးအထောက်အပံ့များ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (ကီလို) | အခန်း/ ကုတင် (လုံလောက်မှုရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ် သက်သောအသုံးအဆောင် ပစ္စည်းများ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | ရွာတွင်း | ရှိ | ကျန်းမာရေးမှူး (၁)ဦး<br>သူနာပြု (၁)ဦး<br>သားဖွားဆရာမ(၁)ဦး<br>ကျန်းမာရေးလုပ်သား (၁)ဦး | မလုံလောက် | |
| ဆေးရုံ | ၁၁မိုင်ခရမ်းမြို့ | | ဆရာဝန်(၈)ဦး<br>သူနာပြု(၁၇)ဦး<br>ကျန်းမာရေးလုပ်သား (၁)ဦး | | ကုတင် (၅၀) ဆေးရုံ |
| ဆေးဆိုင် | ဖားဥရွာ | | ဆေးဝါးကျွမ်းကျင်သူ | လက်လှမ်းမီ မှု ဆေးဝါး....<br>သိုလှောင်ပုံစနစ်<br>အအေးခန်းစနစ် | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာကျန်းမာရေးဌာန ဆေးပေးခန်းရှိပြီး ကျန်းမာရေးမှူး၊ သားဖွား၊ ကျန်းမာရေးဆရာမ၊ အရံသားဖွား၊ ကျန်းမာရေးလုပ်သား ရှိပါသည်။ အခြားရွာနားနီးချင်းများမှာလည်း မောင်းမကျန်းမာရေးဌာနကိုသာ အားကိုး၍ တိုက်နယ်ဆေးရုံအဆင့်ဖြစ်လျှင် ပိုအဆင်ပြေနိုင်ပါသည်။ ကျေးရွာမှကျန်းမာရေးအတွက် မှီခိုအားထားရသူများမှာ ကျေးလက်ကျန်းမာရေးမှူးနှင့် ကျန်းမာရေးဆရာမနှစ်ဦးတို့ဖြစ်၍ လိုအပ်၍သွားပင့်ပါက လူမမာအိမ်ထိလိုက်လံကုသပေးပြီး အခကြေးငွေ အဖြစ် (၁၅၀၀)ကျပ်သာယူပြီး ဆင်းရဲသောမိသားစုများမှ ဖြစ်ခဲ့ပါက(၁၀၀၀)ကျပ်သာ ဆေးကုသမှု ခံယူပါသည်။ ကျန်းမာရေးမှူး၏ နေအိမ်တွင်လည်း ဆေးခန်းဖွင့်ထားပါသည်။ ဆေးဆိုင်တွင်လည်း ဆေးမျိုးစုံရနိုင်ပါသည်။ ရန်ကုန်နှင့်နီးသောကြောင့် ရန်ကုန်ဆေးရုံတွင်လည်း ဆေးကုသမှုခံယူနိုင်ပါသည်။

### ၂.၇.၂။ ရေနှင့်သန့်ရှင်းရေး

ဇယား (၃၃) မောင်းမကျေးရွာ၏ သောက်သုံးရေရရှိမှု

| ရေရရှိနိုင်မှု | အရေအတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | | | | | | |
| အဝီစိတွင်း | | | | | | |
| အဝီစိတွင်း၊ စက်တွင်း | | | | | | |
| ကန် | ၉ | အကောင်း | ✓ | ✓ | ✓ | |
| မြစ်/ချောင်း | | | | | | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)

မောင်းမကျေးရွာတရွာလုံး ကန်ရေသာအမှီပြုကြပါသည်။ ကျေးရွာတွင်းရေကန်(၉)ကန်ရှိ၍ တနှစ်ပတ်လုံးသောက်သုံးရေဖူလုံပါသည်။ ရေခမ်းသော နှစ်မကြုံဘူးသေးပါ၊ ရေကန်တူးလျှင် ရေခန်းအောင်စက် နှင့်ရေစုပ်တင်ပြီးတူးရပါသည်။

### ၂.၇.၃။ သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေ အတွက်)

ဇယား (၃၄)မောင်းမကျေးရွာသန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့်အိမ်ထောင်စုအရေအတွက်)

| သုံးစွဲနိုင်သောအိမ်သာအမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၇၂၉ | ယင်လုံအိမ်သာမဆောက်မနေရစနစ်သုံး |
| ကျင်းအိမ်သာ | | |
| တောထိုင် | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၈။ လမ်းတံတားအခြေအနေ

### ၂.၈.၁။ ကျေးရွာတွင်လမ်းတံတားတည်ရှိမှု

ဇယား (၃၅) ကျေးရွာတွင်လမ်းတံတားတည်ရှိမှုအခြေအနေ

| လမ်းတံ တား အမျိုးအ စား | အမျိုး အစား (၁၊၂၊၃) | ကောင်း/ ဆိုး | တည်ဆောက်ခဲ့ သော နှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (ကီလိုမီတာ) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ် ပါတ်လုံး | |
| **ရွာတွင်း လမ်း** | ၂ | ကောင်း | ၂၀၀၄ | ✓ | ✓ | ပေ(၁၀၀၀)၊အကျယ် (၃)ပေ၄လမ်း |
| **ချဉ်းကပ် လမ်း** | ၂ | ကောင်း | ၂၀၀၅ | ✓ | ✓ | အရှည်ပေ(၇၀၀၀)အ ကျယ်(၇)ပေ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

၁၊ မြေသားလမ်း ၂၊ ကတ္တရာ ၃၊ ကျောက်ခင်းလမ်း

ကျေးရွာတွင်းတံတား(၄)ခုရှိ၊ အနံ(၇)ပေ အရှည်(၁၅၀)ပေရှိ ရွာထိပ်တံတား၊ အလျား (၁၅၀)ပေ၊ အကျယ်(၈)ပေ ရွာလယ်တံတား၊အလျား(၁၀၀)ပေ အကျယ်(၆)ပေ ရွာတွင်းတံတား၊ အလျား(၁၅၀)ပေ အကျယ်(၁၀)ပေ ဘုရားကုန်းတံတား၊ အလျား(၁၅၀) အကျယ်(၅)ပေ ရွာချင်းဆက်သစ်သားတံတား၊ ရာသီမရွေးသွားလာနိုင်ပါသည်။ ဘုရားကုန်းတံတားမှာ ကွန်ကရစ် တံတားဖြစ်၍ ဆောက်လုပ်ဆဲဖြစ်ပါသည်။

| လမ်းတံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်လုံး |
| **ဆိပ်ခံတံတား** | | | | | |
| **တံတား** | အလျားပေ (၁၅၀၊၁၀၀၊)အကျယ် ပေ(၇။၈။၅။၁၀) ရွာတွင်းတံတား(၄)ခုရှိ | ကောင်း | ၂၀၀၀ | | ✓ |
| **ကြိုးတံတား** | | | | | |
| **ရေပြွန်** | ၄ပေ | ကောင်း | | | ✓ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၈.၂။ ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး(ကီလိုမီတာ) | ယာဉ် အမျိုးအစား | ရာသီအလိုက်သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | | | | |
| ပင်လယ်ရေကြောင်း | | | | |

၁ " လှေ၊သမ္ဗာန်   ၂ - မော်တော်   ၃ - သင်္ဘော

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

## ၂.၈.၃။ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၃၇)မောင်းမကျေးရွာ၏သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | ဆိုင်ကယ် | မော်တော် ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ဘတ်စ်ကား | မြင်းလှည်း |
|---|---|---|---|---|---|---|---|
| အရေအတွက် | | ၁ | ၅၀၀ | | ၅ | ၅ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာနှင့် ခရမ်းမြို့မှာ(၁၁)မိုင်၊ ရန်ကုန်မြို့မနှင့်(၂၅)မိုင်သာဝေး၍ ကားလမ်းမှာ အဝေးပြေးလမ်းမကြီးဖြစ်၍ တစ်နှစ်ပတ်လုံးသွားလာနိုင်ပြီး အများအားဖြင့် လိုင်းကား၊ ဆိုင်ကယ်နှင့် သာသွားကြပါသည်။ မြို့နှင့်နီး၍ဆက်သွယ်ရေးနှင့် ပတ်သက်သောပြဿနာမရှိပါ။ အလုပ်အကိုင်နှင ့်ကုန်စည်ဝန်ဆောင်မှုအတွက် အဆင်ပြေပါသည်။

## ၂.၉။ လျှပ်စစ်မီးရရှိမှု

ဇယား (၃၈) မောင်းမကျေးရွာ၏လျှပ်စစ်မီးရရှိမှုအခြေအနေ

| အရင်းအမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓါတ်အားလိုင်း | ၂၅၉ | ကောင်း | မရှိ |
| ဆိုလာစနစ် | | | |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | | | |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သည်းတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

**လျှပ်စစ်မီးရရှိမှု**

(၂၀၁၃/၁၄)နှစ်ကကျေးရွာသားများ စုပေါင်းငွေထည့်ဝင်၍ ကိုယ်ထူကိုယ်ထစနစ်ဖြင့် နိုင်ငံတော် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးကိုသွယ်တန်းခဲ့ပါသည်။ ကျေးရွာအိမ်ထောင်စု များသည် သွယ်တန်းခအပါအဝင်မီးသီး၊ လျှပ်စစ်မီတာတစ်လုံး(၄၅၀၀၀၀)ကျပ်ခန့် ကုန်ကျခဲ့ ပါသည်။ ယခုအခါ လျှပ်စစ်မီးရရှိသုံးစွဲနေသော အိမ်ထောင်စုပေါင်း(၂၅၉)စုရှိပါသည်။ လက်ရှိ (၃၁၅ကေဗွီအေ) ထရန်စဖော်မာသည် အားမနိုင်၍ အိမ်ထောင်စု(၄၀၀)ခန့်ကို လျှပ်စစ်မီးမပေး နိုင်ပါသည်။ မြို့နယ်လျှပ်စစ်ရုံးသို့ မီးသွယ်နိုင်ရန်တင်ပြထားပါသည်။ ကျေးရွာမီးလင်းရေးကော်မတီ အဖွဲ့ဝင်(၁၀)ဦးမှ အိမ်ထောင်စုအားလုံး မီးလင်းရေးအတွက် ထရန်စဖော်မာတိုးချဲ့ တတ်ဆင်နိုင်ရေး အစီအစဉ်များကို ဆောင်ရွက်နေပါသည်။လျှပ်စစ်သုံးစွဲသူများအနေဖြင့် လျှပ်စစ်သုံးစွဲခမှာပျမ်းမျှ (၄၀၀၀) ကျပ်ခန့်သုံးစွဲသော ယူနစ်ပေါ်မူတည်၍ ကုန်ကျပါသည်။ လျှပ်စစ်မီးမှာပုံမှန်မဟုတ်၊ ပြတ်တောက်မှုများရှိ၍ အခြားမီးလည်း ဆောင်ထားရပါသည်။ ကျေးရွာကျန်အိမ်ထောင်စုများ အတွက် လျှပ်စစ်မီးလုံလောက်ရန်(၂၀၀)ကေဗွီအေ လျှပ်စစ်ထရမ်စဖော်မာတစ်လုံး တိုးချဲ့တပ် ဆင်ရန် လိုအပ်နေပါပြီး တတ်ဆင်ရန် ဆောင်ရွက်နေပါသည်။

## ၂.၁၀။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၃၉) မောင်းမကျေးရွာ၏ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | အင်တာနက် | သတင်းစာနှင့်ဂျာနယ် | အခြား |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၇၅၀ | ၁၀၀ | ၄၀၀ | ၉၀၁ | ၇ | |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာလူထုသည် တယ်လီဖုန်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဂျာနယ်နှင့် လက်ကိုင်ဖုန်း များနှင့်ချိတ်ဆက်သော အင်တာနက်စနစ်များကို ကောင်းမွန်စွာအသုံးပြုနိုင်ကြပါသည်။

## ၂.၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၀) မောင်းမကျေးရွာ၏ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| အပန်းဖြေနိုင်သည့်နေရာများ အား လက်လှမ်းမီ မှု | ရှိ | အိမ်ထောင်စုအားလုံးနီးပါး တီဗွီရှိ၊ကြည့်နိုင်၊ နိုင်ငံခြား ရုပ်သံလိုင်းများမှ သတင်း၊ ဇာတ်လမ်းတွဲများကြည့်ရှုနိုင်ခြင်း |
| လူမှုရေးလုပ်ငန်းများတွင်ပါ ဝင်မှု | ရှိ | လူမှုရေးပွဲများတွင် ကျေးရွာအလှူပွဲများမှ လူငယ်များမှ ဦးဆောင်ကာ အလှည့်ကျတာဝန်ယူ၍ ဆောင်ရွက်ရပါသည်။ |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ | ဘာသာရေးပွဲများတွင် လူငယ်များမှ တရားပွဲများ စီစဉ်ပေးခြင်း၊ အလှူခံလှည့်လည်ခြင်းများ ပြုလုပ်၊ ပဌာန်းရွတ်ဖတ်ပူဇော်ခြင်း ဓမ္မစကြာရွတ်ဖတ်ခြင်းများပြုလုပ်၊ သက်ကြီးပူဇော်ပွဲ၊ သကြန်ရေ ကစားခြင်း။ |
| အားကစားပစ္စည်းများအား လက်လှမ်းမီ မှု | ရှိ | ကျေးရွာအားကစားကွင်းမရှိ၊နွေရာသီစပါးသိမ်းပြီးချိန်လယ်ကွင်း ထဲကွင်းလုပ်ကာ အလှူပွဲများရှိပါက တရွာနှင့်တရွာ ချိန်းကာ ဘောပွဲများ ကျင်းပခြင်း၊ ရွာတောင်ပိုင်း မြောက်ပိုင်းချိန်း၍ အပျော်ကန်ကြပါသည်။ |

| လုပ်ငန်း | ရှိ/ မရှိ | ဝန်ဆောင်မှု |
|---|---|---|
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | ရှိ | ကျေးရွာတွင်းအမှိုက်များရှင်းလင်းခြင်း၊ ခြင်ဆေးဖြန်းရာ ကူညီပေး၊ရွာလမ်းခင်းခြင်းကူညီ။ |
| ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေး | ရှိ | ရိုးရာယဉ်ကျေးမှုထိမ်းသိမ်းလိုစိတ် ဖြစ်ပေါ်စေရေးအတွက် ဝါဆိုလပြည့်နေ့တွင် ဝါဆိုပန်းကပ်သင်ကန်းကပ်ပြုခြင်း၊ တပေါင်းလဘုရားပွဲတွင် မြို့မှုနံမည်ကြီးဇာတ်များ ငှား၍ ကျင်းပပေးခြင်း၊ တန်ဆောင်တိုင်မီးထွန်းပွဲများ ကျင်းပခြင်းများ ပြုလုပ်ပါသည်။ |
| စာကြည့်တိုက်၊ အင်တာနက် စသည်များအားလက်လှမ်းမီမှု | ရှိ | စာကြည့်တိုက်၊ အင်တာနက်၊ ဂျာနယ်လက်လှမ်းမှီ |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာလူငယ်များ ပြည့်စုံသော လေ့လာစရာနေရာအဖြစ် စာကြည့်တိုက်ရှိလျှင် အဆင်ပြေနိုင်၊ ကျေးရွာလူထုသည် ဘာသာရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကြပြီး အမျိုးသမီးလူငယ်နှင့် အမျိုးသားလူငယ်အဖွဲ့များမှာ ဘာသာရေး၊ လူမှုရေးပွဲများတွင် စားသောက်ဖွယ်ရာများပြင်ပေးခြင်း၊ ဧည့်ခံခြင်း၊ ချက်ပြုတ်ခြင်း၊ မောင်ရင်လောင်းများ မြင်းစီးစဉ်လှည့်လည်ပေးခြင်း၊ သင်္ကြန်တွင် ပျော်ရွှင်စွာရေကစားကြပါသည်။ တပေါင်းလဘုရားပွဲတွင် ဇာတ်သဘင်များငှား၍ စည်ကားစွာ နှစ်စဉ်ကျင်းပကြပါသည်။

## ၂.၁၂။ ကျေးရွာဘေးကင်းလုံခြုံမှုအခြေအနေ

### ၂.၁၂.၁။ လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအားလက်လှမ်းမီ မှု

ဇယား (၄၁) ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု၊အထောက်အကူများအားလက်လှမ်းမီ မှု

| ဝန်ဆောင်မှုများ | ရှိ/ မရှိ | ရှင်းလင်းချက် |
|---|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများအား လက်လှမ်းမီ မှု | ရှိ | ဆက်သွယ်ရေး network များလက်လှမ်းမီ အိမ်တိုင်းဖုန်းရှိ |
| အာမခံလုပ်ငန်းများအားလက်လှမ်းမီမှု | မရှိ | သမဝါယမမှမြွေကျန်းမာရေးအာမခံရှိ၊ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအစဉ် | ရှိ | ကျေးရွာသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီရှိ |
| ရဲစခန်းများအား လက်လှမ်းမီ မှု | ရှိ | ကမာမတ်ရဲစခန်းမှလုံခြုံရေးအကူအညီများရရှိမှု |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

ကျေးရွာနှင့်ရဲစခန်းမှာ (၁)မိုင်ခန့်သာဝေး၍ ရာဇဝတ်မှုကြီးကြီးမားမားမရှိပါ။ သဘာဝဘေးအန္တရာယ်နှင့်ပါတ်သက်၍ ကြီးကြီးမားမားမကြုံဘူးသဖြင့် ကြိုတင်သတိပေးကာကွယ်ရေးများ၊ နိုးဆော်မှုများ အားနည်းပါသည်။

**၂.၁၂.၂။ မှုခင်းဖြစ်ပွားမှု**

ဇယား (၄၂) မောင်းမကျေးရွာ မှုခင်းဖြစ်ပွားမှုအခြေအနေ

| | **လူကုန်ကူးမှု** | **ခိုးမှု** | **မူးယစ်ဆေးသုံးစွဲမှု** | **အကြမ်းဖက်မှု** |
|---|---|---|---|---|
| **ပြင်းထန်/မထန်** | **မရှိ** | **သာမန်** | **မရှိ** | **မရှိ** |

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၁၄ရက်ဩဂုတ်လ၊၂၀၁၅)ခုနှစ်

Note:၁။ စိုးရိမ် ၂။ သာမာန်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတား နှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ဇယား (၄၃) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

| ကျေးရွာဖွံ့ဖြိုးရေးအတွက် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက်များ |
|---|---|
| • သီးနှံတိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ရေအရင်းမြစ်ကောင်းများရှိခြင်းနှင့် စိုက်ပျိုးမြေမှာလည်း မြေဆီသြဇာကောင်းမွန်ခြင်း | • မိုးစပါးစိုက်ပျိုးနိုင်သည့်အပြင် ရွှေလှေရေထိန်းတံခါး နှင့်နီးသောကြောင့် ရေပေးမြောင်းဖောက်လုပ်ခြင်း စီမံကိန်း ဆောင်ရွက်ပေးပါက နွေစပါးဧက(၁၅၀)ခန့် ကျော် တိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ နှစ်စဉ်ပဲတီစိမ်းသီးနှံ စိုက်ပျိုးခြင်း၊ ဆည်ရေပေးရေမြောင်းများ တူးဖော်ပြီး နွေစပါးသာမကအခြားဈေးကွက်ဝင်သီးနှံများပါ သီးထပ်အဖြစ် စိုက်ပျိုးနိုင်သော အလားအလာကောင်းများရှိပါသည်။ |
| • နေရာဒေသအချက်ချာကျမှု အားသာချက်များ | ရန်ကုန်၊ခရမ်းနှင့်နီးသောကြောင့်<br>• လုပ်သားဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းကောင်းခြင်းခရမ်းမြို့၊ရန်ကုန်မြို့သို့သွား ရောက်၍အထည်ချုပ်လုပ်ငန်း၊ ဆောက်လုပ်ရေး လုပ်ငန်းများ စသည်တို့တွင် သွားရောက်လုပ်ကိုင် နိုင်ခြင်း။<br>• စိုက်ပျိုးရေးသွင်းအားစုများ၊ ထုတ်ကုန်များအတွက် ကုမ္ပဏီများနှင့်တိုက်ရိုက်ဆက်သွယ်နိုင်ခြင်း<br>• သယ်ယူပို့ဆောင်ရေးအဆင်ပြေလွယ်ကူခြင်း<br>• မွေးမြူရေး၊စိုက်ပျိုးရေးထွက်ကုန်များအား ရန်ကုန် ဈေးကွက်တွင်တိုက်ရိုက်ရောင်းဝယ်မှုများပြုလုပ်နိုင်ခြင်း |
| • ဒေသအေးချမ်းလုံခြုံမှု | • လုယက်မှု၊ ရာဇဝတ်မှု စသည်တို့မရှိသလောက်နည်းပြီး လူမှုစီးပွားရေးလုပ်ငန်းများကိုအေးချမ်းစွာ လုပ်ကိုင် နိုင်သည်။ |
| • လူမှုအဆောက်အဦးများအားလက်လှမ်းမီမှု | • ကျေးရွာတွင်း၊အထက်တန်းကျောင်းရှိခြင်း<br>• ကျေးရွာအတွက်ကျန်းမာရေးဆေးပေးခန်းရှိပြီး၊ကျန်း မာရေးမှူး၊ဆရာမခန့်ထားပေး၊ခရမ်းမြို့ဆေးရုံနှင့်နီး သောကြောင့်ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်း မီခြင်း၊ |
| • ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုများအားလက် လှမ်းမီမှု | • ခရမ်းမြို့တွင်အစိုးရဘဏ်သာမကပုဂ္ဂလိကဘဏ်များကို ပါငွေလွှဲခြင်း၊ ငွေစုခြင်းစသည်တို့ ဆောင်ရွက်နိုင်ခြင်း<br>• အသေးစားချေးငွေဝန်ဆောင်မှု |
| • လျှပ်စစ်မီးလက်လှမ်းမီခြင်း | • နိုင်ငံတော်မဟာဓာတ်အားလိုင်းမှ အိမ်ခြေ ၃၁၈အိမ် စတင်၍ မီးသွယ်တန်းထားပြီးဖြစ်သည်။ |

ဇယား (၄၄) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အပဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

| ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ | ရှင်းလင်း ဖော်ပြချက်များ |
|---|---|
| • စိုက်ပျိုးမြေဧရိယာမတိုးချဲ့နိုင်တော့ခြင်း | • မြို့ပြနှင့်နီးသောကျေးရွာဖြစ်၍လက်ရှိစိုက်ပျိုးမြေဧရိယာအပြင် တိုးချဲ့ရန် မြေနေရာမရှိတော့ပါ။ |
| • နည်းပညာဝန်ဆောင်မှုများအားလက်လှမ်းမီရေး | • စပါး၊ ပဲတီစိမ်းစသည်တို့တိုးတက်ထုတ်လုပ်နိုင်ရေးအတွက်မျိုးကောင်းမျိုးသန့်များရရှိရေး၊ ဖျက်ပိုးရောဂါကာကွယ်နှိမ်နင်းနည်းများ (ဥပမာ – ကျေးရွာတွင် ပဲတီစိမ်းရွက်ဝါရောဂါဆိုးရွားစွာ ထိခိုက်ခြင်း)၊ ပဲတီစိမ်းတို့အပြင် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးနိုင်တို့အတွက်နည်းပညာဝန်ဆောင်မှုများလိုအပ်လျက်ရှိပါသည်။<br>• ရန်ကုန်ဈေးကွက်ကိုဦးတည်၍ ကြက်၊ ဝက်၊ ငါး စသည်တို့ စီးပွားဖြစ်မွေးမြူနိုင်ရေးအတွက် မွေးမြူနည်းပညာ၊ လုပ်ငန်းစီမံခန့်ခွဲမှု နည်းပညာဝန်ဆောင်မှုများလည်းလိုအပ်ပါသည်။<br>• လူငယ်များ လုပ်သားဈေးကွက်တွင် လုပ်ငန်းအခွင့်အလမ်းကောင်းများရရှိနိုင်ရေးအတွက် အသက်မွေးမှုဆိုင်ရာ ကျွမ်းကျင်မှုများတိုးတက်ရေးဆိုင်ရာ ဝန်ဆောင်မှုများလည်း လိုအပ်ပါသည်။ |
| • ငွေကြေးဝန်ဆောင်မှုများအား လက်လှမ်းမီရေး | • စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ရန်နှင့် အသေးစားစီးပွားရေးလုပ်ငန်းများ တည်ထောင်လုပ်ကိုင်နိုင်ရန် ချေးငွေဝန်ဆောင်မှုလုပ်ငန်းများအား လက်လှမ်းမီနိုင်ရေးအတွက် လွယ်ကူမှုမရှိသေးပါ။ |
| • ဖွံ့ဖြိုးရေးစီမံကိန်းများ (ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ) အားလက်လှမ်းမီရေး | • သီးနှံတိုးတက်စိုက်ပျိုးနိုင်ရေးအတွက် ရွှေလှေရေထိန်းတံခါးပြုပြင်ရေးနှင့် ရေပေးမြောင်းဖောက်လုပ်ရေးစီမံကိန်း၊ ရွာရှိအိမ်တိုင်း လျှပ်စစ်မီးအသုံးပြုနိုင်ရေးစသည်တို့အတွက် နိုင်ငံတော်၏ဖွံ့ဖြိုးရေး စီမံကိန်းများရရှိရန် လိုအပ်ပါသည်။ |

ဇယား (၄၅)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၁။ | **စီမံအုပ်ချုပ်မှုစနစ်** | | | | | |
| | • အဖွဲ့အစည်းဆိုင်ရာ သဘောတရားများအား သိကျွမ်းမှုအားနည်းခြင်း၊ | • သင်တန်းများမရရှိသေးခြင်း၊ | • ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့အစည်းများ ဖွဲ့စည်းပြီးဖြစ်ခြင်း၊ | • ကော်မတီဝင်များ အချိန်ပေးနိုင်မှု နည်းခြင်း | • သဘောတရား သင်တန်းပံ့ပိုးပေးခြင်း၊ | • သဘောတရားသင်တန်း ပို့ချပေးခြင်း၊ |
| ၂။ | **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | • နွေစပါးထွက်နှုန်း မကောင်းခြင်း<br>• ပဲတီစိမ်းအချိန်မှီစိုက်ရန် အခက်အခဲရှိခြင်း (စပါးအချိန်မှီမရိတ်သိမ်းနိုင်သောကြောင့်) | • ရွှေလှေရေထိမ်းတံခါးနွေရာသီဆားငံရေမလုံခြင်း၊ ရေပေးမြောင်းမကောင်းခြင်း<br>• စပါးရိတ်သိမ်းခြွေလှေ့စက်ကိရိယာမလုံလောက်သောကြောင့်ပဲတီစိမ်းစိုက်ချိန်နောက်ကျခြင်း(စက်တန်ဘိုးသိန်း၃၅၀ကျော်) | • နွေစပါးတိုးချဲ့စိုက်ပျိုးရန်မြေဧရိယာရှိ၊နွေစပါးသည် မိုးစပါးထက် အထွက်ကောင်းပြီး လယ်သမားများစိုက်ပျိုးလိုခြင်း<br>• ဆည်ရေလုံလောက်မှုရှိခြင်း<br>• စပါးလယ်ကွင်းအများစုသည် ရိတ်သိမ်း ခြွေလှေ့စက်အသုံးပြုရန်မြေအနေအထားကောင်းမွန်ခြင်း | • ဆည်မြောင်းဦးစီဌာနနှင့်မဆက်သွယ်တတ်ခြင်း<br>• ရိတ်သိမ်း ခြွေလှေ့စက်ဝယ်ယူရန်မတတ်နိုင်ခြင်း<br>• ရိတ်သိမ်းစက်ငှားသုံးလျှင်တစ်ဧက ၅၀၀၀၀ ကျပ်သည်ဈေးကြီးလွန်ခြင်း | •နွေစပါးစိုက်ပျိုးသူလယ်သမားအဖွဲ့ဖွဲ့စည်းခြင်း<br>•ဘဏ်များနှင့် ချိတ်ဆက်ပြီးရိတ် သိမ်းခြွေလှေ့စက်အရစ်ကျဝယ်ယူခြင်း၊ | • ဆည်မြောင်းဦးဌာနသို့တင်ပြခြင်း<br>• စက်မှုလယ်ယာဦးစီးဌာနသို့တင်ပြခြင်း<br>• ဘဏ်များနှင့်ချိတ်ဆက်ပြီးအကြွေးဝယ်စနစ်ရရှိရေးဆောင်ရွက်ရန်<br>• ပဲတီစိမ်းမျိုးကောင်းစိုက်ပျိုးခြင်း |
| | ပဲတီစိမ်းအထွက်နှုန်းနည်းခြင်း | ပဲတီစိမ်းမျိုးကောင်းများမရရှိခြင်း၊မျိုးပြောင်းမစိုက်ပျိုးခြင်း | • ပဲတီစိမ်းဈေးကွက်ကောင်းမွန်ခြင်း | • မျိုးစေ့ဌာနနှင့်မဆက်သွယ်တတ်ခြင်း | ရေဆင်းမျိုးစေ့ဌာနနှင့်ဆက်သွယ်ခြင်း | |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၃။ | **မွေးမြူရေးကဏ္ဍ**<br>• ငါးမွေးမြူရေးတိုးချဲ့ရန်ငွေကြေးအရင်းအနှီးအားနည်းခြင်း၊<br>• တိရိစ္ဆာန်ရောဂါကူးစက်ဖြစ်ပွားခြင်း<br>• ဝက်မွေးမြူရေး အမြတ်ငွေနည်း | • ငါးမွေးမြူရေးဈေးငွေမရရှိခြင်း၊ အစာဖိုးမတတ်နိုင်သောကြောင့်ငါးကြီးထိမွေးငါးပျိုးထောင် ရောင်းချရခြင်း<br>• တိရိစ္ဆာန်ရောဂါကာကွယ်ဆေးပုံမှန်မထိုးခြင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှဝန်ထမ်းများကွင်းဆင်း လာရောက်မှုနည်းပါးခြင်း၊<br>• စီပီဝက်မျိုးကောင်းမရရှိခြင်း | • ငါးကန်ချဲ့ထွင်ရန်မြေနေရာရှိ<br>• ဝက်မွေးမြူရန်မြေနေရာကျယ်ဝန်းခြင်း<br>• မွေးမြူရေးအစာပေါများခြင်း | • ငါးဦးစီးဌာနနှင့်ဆက်သွယ်မှုမရှိ<br>• အခြေခံမွေးမြူရေးဗဟုသုတနားမလည်ခြင်း | • မွေးရေဘဏ်နှင့်ဆက်သွယ်ခြင်း<br>• အခြေခံမွေးမြူရေးသင်တန်းပံ့ပိုးပေးခြင်း၊ | • ငွေကြေးအရင်းအတွက်မွေးရေဘဏ်နှင့် ချိတ်ဆက်ခြင်း<br>• လူငယ်များကိုမွေးမြူရေးသင်တန်းပို့ချပေးခြင်း၊<br>• စီပီဝက်မျိုးကောင်းရရှိရန်ဆက်သွယ်ဆောင်ရွက်ခြင်း |
| ၄ | **စိုက်ပျိုးရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ**<br>• အသက်မွေးဝမ်းကျောင်းပညာချို့တဲ့အားနည်းခြင်း | • ကားမောင်း၊သံဂဟေ၊အီလက်ထရွန်နစ်၊ အထည်ချုပ်ပညာများ သင်ပေးမည့်နေရာ ရွာနီးနားတွင်မရှိခြင်း | • ကျေးရွာတွင် ပညာသင်လိုသောလူငယ်များရှိခြင်း၊ ရွာတွင်လျှပ်စစ်မီးရှိခြင်း | • ရန်ကုန်မြို့၊ခရမ်းမြို့နှင့်ဝေးခြင်း၊ မြို့တွင်နေထိုင်ရန်ပညာသင်ရန်နေရာမရှိခြင်း၊ | • အသက်မွေးဝမ်းကျောင်းပညာသင်ပေး၊ အစိုးရ၊ ပုဂ္ဂလိကကျောင်း/စက်ရုံများနှင့်ချိတ်ဆက်ခြင်း | • ကျေးရွာလူငယ်များကိုအသက်မွေးဝမ်းကျောင်းပညာရရှိရေး<br>• ရွာနီးနားတွင်အထည်ချုပ်စက်ရုံများတည်ဆောက်ရန်ဖိတ်ခေါ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၄ | <u>**ပညာရေး**</u> | | | | | |
| | • ကျောင်းဆောင်မလုံလောက်ခြင်း၊ | • မူလတန်း၊အလယ်တန်း၊ အထက်တန်းကျောင်းဖြစ်၍ကျောင်းသားဦးရေများနေခြင်း၊ စာသင်ခန်းမလုံလောက်ခြင်း၊ | • ကျောင်းဝန်းမြေနေရာကျယ်ဝန်းခြင်း | • မြို့နယ်ပညာရေးဌာနနှင့် မဆက်သွယ်တတ်ခြင်း | • (၆၀×၃၀×၁၀) ပေနှစ်ထပ် ကျောင်းဆောင် ဆောက်လုပ်ပေးခြင်း၊<br>• ရေသန့်စက် တပ်<br>• ဆင်ခြင်း | • ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း<br>• ရေသန့်စက် တပ်ဆင်ခြင်း |
| | • ရေကောင်းရေသန့်မလုံလောက်ခြင်း | • မြေအောက်ရေသည်အနံ့မကောင်းသောကြောင့် | • ရေသန့်စက်အတွက်လျှပ်စစ်မီးရှိခြင်း | | | |
| | • ကျောင်းခြံစည်းရိုးမလုံသောကြောင့် ကလေးများလုံခြုံရေးစိုးရိမ်နေရ | • (၅)ဧကကျောင်းခြံစည်းရိုးကုန်ကျငွေကျေးရွာမှကိုယ်ထူကိုယ်ထမတတ်နိုင်ခြင်း | • ကျေးရွာကျောင်းအကျိုးတော်ဆောင်အဖွဲ့ရှိပြီး | • ကိုယ်ထူကိုယ်ထမတတ်နိုင်ခြင်း | • မြို့နယ်ပညာဌာနသို့တင်ပြခြင်း | • ကျောင်းခြံစည်းရိုးကာရံခြင်း |
| ၅ | <u>**လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစား**</u> | | | | | |
| | • လူငယ်များစာပေဗဟုသုတနည်းခြင်း<br>• ကျောင်းသားကလေးလူငယ်များအတွက်အားကစားကွင်းမရှိခြင်း (ဘောလုံးကွင်း) | • စာကြည့်တိုက်ရှိသော်လည်းအချိန်မှန်မဖွင့်ခြင်း<br>• မြေလွတ်နေရာများရှိသော်လည်းမိုးရာသီရေဝပ်ခြင်း | • ရွာတွင်လျှပ်စစ်မီးရှိခြင်း<br>• စာကြည့်တိုက်တွင်လျှပ်စစ်မီးရှိပြီးညပိုင်းတွင်စာဖတ်နိုင်<br>• မြေနေရာရှိခြင်း | • အားကစားကွင်းမြေဖို့ရန်ကုန်ကျစရိတ်မတတ်နိုင် ခြင်း | • မြို့နယ်အားကစားဌာနသို့တင်ပြခြင်း | • အားကစားကွင်းဆောက်လုပ်ခြင်း |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံကိန်း |
|---|---|---|---|---|---|---|
| ၆ | **<u>ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများ</u>** | | | | | |
| | • စပါးကွင်းများမိုးရာသီ ရေလွှမ်းမိုးခံရခြင်း<br>• အိမ်ထောင်စု(၇၀)ခန့် နေရာအတည်မရှိ၍ အိမ်မြေကွက်လိုအပ်ခြင်း | • မောင်းမ၊ဖားဥဆက် သွယ်သောကုလား မချောင်းတံတားကျဉ်း၍ ရေထွက်နည်း<br>• အိမ်ထောင်စု၊လူဦးရေ တိုးတက်လာခြင်း | • ကျေးရွာတွင်းယခင် ဆားငန်ရေဝင်ပြီးယခုမ ဝင်သောမြေလွတ်(၂၅) ဧကခန့်ရှိခြင်း | • လမ်းဦးစီးဌာနသို့ တင်ပြရမည်ကို မသိခြင်း | • ရေကြီးရေလျှံကာ ကွယ်ရန်မောင်းမ၊ ဖားဥဆက်သွယ် သောကုလားမတံ တားချဲ့ထွင်ခြင်း<br>• မြေစာရင်းဌာနနှင့် ဆက်သွယ်ပြီးဆောင် ရွက်ခြင်း | • ကုလားမတံတား ချဲ့ ထွင်ခြင်းဆောက်လုပ် ခြင်း<br>• လူနေကွက်သစ်များ ဖော်ထုတ်ရေးစီမံကိန်း<br>✓လူနေအိမ်မြေကွက် သစ်(၁၅၀)ဖော်ထုတ်ခြင်း |
| ၇ | **<u>လျှပ်စစ်ဓာတ်အားသုံးစွဲရေး</u>** | | | | | |
| | •အိမ်ထောင်စု(၂၀၀)ကျော် ခန့်လျှပ်စစ်မီးမရသေး | • လက်ရှိထရန်စဖော်မာ (၃၀၀ကေဗွီအေ)အားသည် မလုံလောက်ခြင်း | • လျှပ်စစ်မီးကော်မတီဖွဲ့ စည်းထားပြီးဖြစ်ခြင်း | • ကျေးရွာမှငွေ ကြေးမတတ်နိုင် ခြင်း | • မြို့နယ်လျှပ်စစ် ဌာနသို့တင်ပြခြင်း | • အိမ်ထောင်စုအားလုံးလျှပ် စစ်မီးလင်းရေးစီမံကိန်း<br>✓ ၂၀၀ကေဗွီအေ ထရန် စဖော်မာ တိုးချဲ့ တပ်ဆင် ခြင်း |
| ၈ | **<u>ကျန်းမာရေး</u>** | | | | | |
| | • တိုက်နယ်ဆေးရုံတစ်ရုံ လိုအပ်ခြင်း | • ကျေးရွာအိမ်ခြေ(၇၀၀) ကျော်ပြီးရွာနီးမှရွာသူရွာ သားများအတွက်ကျေး ရွာဆေးပေးခန်းသာရှိခြင်း။ | • တိုက်နယ်ဆေးရုံအ တွက်မြေနေရာရှိခြင်း | • မြို့နယ်ကျန်းမာ ရေးဌာနသို့ မတင် ပြတတ်ခြင်း | • မြို့နယ်ကျန်းမာရေး ဌာနသို့တင်ပြပြီး ဆောင်ရွက်ခြင်း | • ကုတင်(၂၀)ဆန့် တိုက်နယ် ဆေးရုံ ဆောက်လုပ်ခြင်း |

## ကိုးကားစာရင်း

၁။ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊မေ၊

၂။ ခရမ်းမြို့နယ်၊မောင်းမကျေးရွာတွင် ၂၀၁၅ဩဂုတ်လတွင် ကျင်းပခဲ့သော ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ကျေးရွာဆိုင်ရာ ရည်ညွှန်းမှတ်တမ်းစာအုပ်၊

# အပိုင်း (ခ)စီမံချက်ဆိုင်ရာ အချက်အလက်

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

| | |
|---|---|
| ကျေးရွာ - <br> ကျေးရွာအုပ်စု - <br> မြို့နယ် - <br> တိုင်းဒေသကြီး / ပြည်နယ် - | |
| စီမံချက်အမည် - | |
| စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ | |
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) | |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူး များ) | |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) | |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
| • …………………….(ငွေသား) <br> • ……………………..(ငွေသား) <br> • ………………………(ပစ္စည်း/လုပ်အား) <br> • | • ကျေးလက်ဦးစီး <br> • ကျေးရွာ <br> • ကျေးရွာ <br> • |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | | | | | | | | |
| အကျိုးခံစားမည့် ဦးရေ | | | | | | | | |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ် (ကော်မတီကိုယ်တိုင်၊ ကန်ထရိုက်ငှား) |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း |
| (၃) စီမံချက်ပြီးစီးမည့်အချိန် |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ |